Agribiz News
www.agribiznews.com.mm
ငွေကြေး စီးပွား သတင်း
e-Paper-0018
၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်



# မလေးရှားသို့သိုးနှင့်ဆိတ်အရှင်များတင်ပို့သွားမည်
## ပြည်တွင်းမွေးမြူတောင်သူများအတွက် ဈေးကွက်အလားအလာကောင်း

နေပြည်တော် စက်တင်ဘာ ၁၂

**အခ** စာစုံ စားသောက်တတ်ကြသည့် သိုး နှင့် ဆိတ်သည် မွေးမြူရေးတိရစ္ဆာန်များတွင် ရာသီဥတုဒဏ် ခံနိုင်ရည်မြင့်မားမှုကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသကဲ့သို့သော ပူပြင်း ခြောက်သွေ့သည့် အခြေအနေမှ ရာသီဥတုစုံလင်သည့် တိုင်းဒေသကြီး ပြည်နယ်များအားလုံး၌ မွေးမြူလုပ်ကိုင်နိုင်ကြသဖြင့် မိသားစုတစ်နိုင်မွေးမြူသူ နှင့် စီးပွားဖြစ်မွေးမြူသူများအတွက် အကျိုးဖြစ်ထွန်းစေမည့် မွေးမြူရေး တိရစ္ဆာန် အမယ်တစ်မျိုးဖြစ်သည်။ ထို့အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန က စားသုံးသူဘေးကင်းလုံခြုံရေး နှင့် အာဟာရ ပြည့်ဝ သော အသားထုတ်လုပ်မှုဖွံ့ဖြိုးလာစေရန် သိုး နှင့် ဆိတ် မျိုးမြှင့်တင်ခြင်း ၊ မျိုးကောင်း မျိုးသန့်များ ပွားများထုတ်လုပ်ပေးခြင်း၊ ခွာနာလျှာနာရောဂါကင်းမဲ့ဇုန်၊ ထိန်းချုပ်ဇုန်များ သတ်မှတ်၍ မွေးမြူ ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် အလေးထား ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ပြည်ပဈေးကွက် အခြေအနေကောင်းများကို ဖန်တီး ဖော်ဆောင်ပေးနိုင်လျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံမှ သိုး နှင့် ဆိတ်အရှင်များကို မလေးရှားနိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ သီလဝါဆိပ်ကမ်းရှိ Animal Quarantine Information(AQS) စခန်းအား ပြင်ဆင်ခြင်းနှင့် မလေးရှားနိုင်ငံ Department of Veterinary Services မှ ပညာရှင်များအား ဖိတ်ခေါ်၍ AQS စခန်းအတည်ပြုနိုင်ရေး၊ ရောဂါစူးစမ်းရှာဖွေ ထိန်းချုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းအတွက် လိုက်နာဆောင်ရွက်ရမည့် ကျန်းမာရေး လိုအပ်ချက်အစီအမံများ (Protocol) အား နှစ်နိုင်ငံ ညှိနှိုင်း အတည်ပြုချက် ရယူခြင်း၊ မြန်မာနိုင်ငံမှ ထုတ်ပေးမည့် Veterinary Health certificate (model) အား ပေးပို့၍ မလေးရှား နိုင်ငံနှင့် အတည်ပြုချက် ရယူခြင်းများကို ၂၀၂၄ ခုနှစ် ဇွန်နှင့် ဇူလိုင်အတွင်း နှစ်နိုင်ငံ သဘောတူညီမှု ရရှိခဲ့ပြီးဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနထံမှ သိရှိရသည်။

တင်ပို့မည့်သူများအနေဖြင့် သက်ဆိုင်ရာ နိုင်ငံ၏ အစိုးရဌာန အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ အချက်အလက်ပြည့်စုံသည့် ကုန်အမှာစာ Performance Invoice လက်ခံရရှိရေး ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ သိုးဆိတ်တင်သွင်းမည့်သူမှ လျှောက်ထားလာသည့် နေရာအပေါ်မူတည်၍ တိရစ္ဆာန် စုဆောင်းရပ်ကို စိစစ်သတ်မှတ်သွားမည်ဖြစ်ကာ ကျန်းမာရေး လိုအပ်ချက်အစီအမံများ protocol နှင့်အညီ ရောဂါ (၈) မျိုးစစ်ဆေးခြင်း ၊ ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနှင့် တိရစ္ဆာန်အမှတ်အသား (ID Ear-tag) တပ်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်း က ပြောကြားသည်။

သီလဝါ AQS စခန်းတွင် quarantine စောင့်ကြည့် ကာလ ၂၁ရက် သတ်မှတ်၍ ခွာနာလျှာနာ ရောဂါကာကွယ်ဆေး Trivalent ၂ ကြိမ် ထိုးနှံခြင်း၊ သားလျှောရောဂါ ကာကွယ် ဆေး (RB 51) ၊ သံချခြင်းနှင့် ပြင်ပ ကပ်ပါးပိုးမွှားများ နှိမ်နှင်းခြင်း၊ Beta agonist စစ်ဆေးခြင်း လုပ်ငန်း

စာ-၂ သို့

ဆီအုန်းပြဿနာများနှင့်အင်ဒိုနီးရှားမလေးရှား..... စ-၆
အပင်နှင့်တိရစ္ဆာန်တွဲဖက်စိုက်ပျိုးမွေးမြူ...... စ-၈

# မြန်မာ့လယ်ယာထွက်ကုန်များ၏ ထောက်ပံ့ပို့ဆောင်မှုကွင်းဆက် စီမံခန့်ခွဲမှုစနစ် သင်တန်းဆွေးနွေးပွဲကျင်းပ



နေပြည်တော်၊ စက်တင်ဘာ ၁၂

မဲခေါင်-လန်ချန်းပူးပေါင်း ဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်လျက်ရှိသော "မြန်မာ့လယ်ယာထွက်ကုန်များ တန်ဖိုးကွင်းဆက်ထောက်ပံ့ရေး လန်ချန်း-မဲခေါင် နိုင်ငံများနှင့်ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး မြှင့်တင်ခြင်း စီမံကိန်း" တွင် ပါဝင်သည့် မြန်မာ့လယ်ယာထွက်ကုန်များ၏ ထောက်ပံ့ ပို့ဆောင်မှုကွင်းဆက် စီမံခန့်ခွဲမှုစနစ် သင်တန်းဆွေးနွေးပွဲ "Training Workshop on Agriculture Supply Chain Management System in Myanmar" ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်-၃ အစည်းအဝေး ခန်းမ၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း ၊ ဦးစီးဌာနများ မှ ညွှန်ကြားရေးမှူးချုပ်များ ဌာနတာဝန်ရှိသူများ၊ သင်တန်းပို့ချမည့် ဆရာ ဆရာမများ၊ အဆင့်မြင့်အရာရှိများနှင့် သင်တန်းသားသင်တန်း သူ ၄၀ ဦးတို့ တက်ရောက်ကြသည်။

စိုက်ပျိုးရေးနည်းပညာသစ်များ တိုးမြှင့်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေး ထွက်ကုန်များ ထုတ်လုပ်မှုနှင့် ထောက်ပံ့ပို့ဆောင်မှုကွင်းဆက် တစ်လျှောက် စီမံခန့်ခွဲမှု နည်းလမ်းများအား စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေး အခြေခံ ပို့ကုန်ကဏ္ဍတိုးမြှင့်နိုင်ရေး နှင့် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မှာ ဖြစ်ကြောင်း၊ နိုင်ငံတကာမှ ဆောင်ရွက် လျက်ရှိသည့် လယ်ယာ စိုက်ပျိုးရေး ဆိုင်ရာ ထောက်ပံ့ ပို့ဆောင်ရေး ကွင်းဆက် တစ်လျှောက် စီမံခန့်ခွဲမှုနည်းလမ်းများ၊ နည်းဗျူဟာများကို သိရှိစေရန် နှင့် ပြန်လည်အသုံးချနိုင်စေရန် ရည်ရွယ်ပြီး ယနေ့သင်တန်းကို ကျင်းပရခြင်းဖြစ်ကြောင်း ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်က ပြောကြားသည်။

စိုက်ပျိုးရေးထွက်ကုန်များကို ကုန်သွယ်ရာတွင် ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့က ပြဋ္ဌာန်းထားသော ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး သဘောတူညီချက် (Trade Facilitation Agreement) ကို အကောင်အထည်ဖော်ဆောင်ခြင်းဖြင့် ကုန်သွယ်မှုကျသင့်ငွေ (Trade Cost) ကို ပျမ်းမျှ ၁၄ ဒသမ ၃ ရာခိုင်နှုန်းအထိ လျော့ချပေးနိုင်မှာ ဖြစ်ကြောင်း၊ Trade Facilitation Agreement မှာ အဖွဲ့ဝင်များအနေဖြင့် လိုက်ပါ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အစီအမံများအနက် ထောက်ပံ့မှုကွင်းဆက် တစ်လျှောက် လွယ်ကူချောမွေ့မြန်ဆန်စေရန် Single Window အား အကောင်အထည်ဖော်ဆောင်ခြင်း၊ ကုန်စည်ရွှေ့လျားခြင်းနှင့် အကောက်ခွန်ရှင်းလင်းခြင်း၊ ပုပ်သိုးလွယ်သော ကုန်စည်များ အပါအဝင် ဆုံးရှုံးနိုင်ခြေရှိသည့် ကုန်စည်များအတွက် စီမံခန့်ခွဲခြင်း စသော အချက်များက ထောက်ပံ့မှုကွင်းဆက်တစ်လျှောက် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စေမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီး ဦးမင်းမင်းက ပြောကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနတို့ပူးပေါင်းဆောင်ရွက်သည့် အဆိုပါသင်တန်းတွင် လယ်ယာကဏ္ဍဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဆက်စပ်ဌာန အဖွဲ့အစည်းများ သိရှိရမည့် အခြေခံ စည်းမျဉ်းများ၊ နိုင်ငံတကာမှကျင့်သုံးသည့် အလေ့အထများ နှင့် ထောက်ပံ့မှုကွင်းဆက်တစ်လျှောက် စီမံခန့်ခွဲသည့် မဟာဗျူဟာမြောက်နည်းလမ်းများကို စီမံကိန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန္တာကြည်၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းမြင့်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညီညီအောင် တို့က ပို့ချဆွေးနွေးကြကြောင်း သတင်းရရှိသည်။

MOALI

---

### မျက်နှာဖုံးမှ

များဆောင်ရွက်ရမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီ၍ Quarantine report ရရှိပြီးပါက မလေးရှားနိုင်ငံက သတ်မှတ်ခွင့်ပြုထားသည့် လမ်းကြောင်းမှတစ်ဆင့် တင်ပို့နိုင်မည် ဖြစ်သည်။

လက်ရှိတွင် မလေးရှားနိုင်ငံသို့ သိုးနှင့်ဆိတ်အရှင်တင်ပို့နိုင်ရန် သတ်မှတ်လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်သည့် Mansa Iron & Steel Fabrication & Manufacturing Co., Ltd က ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်ရှိ ယာယီစုဆောင်းရပ်ဌာနစုဆောင်းထားရှိပြီးဖြစ်သော ဆိတ်အရှင် ၁,၅၀၀ ကောင်ကို ပထမအသုတ်အနေဖြင့် တင်ပို့နိုင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကုမ္ပဏီအနေဖြင့် ယခုနှစ်အတွင်း ဆိတ်အရှင် အကောင် ၃၀,၀၀၀ တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး လာမည့်နှစ်များတွင် တိုးတက်တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း မွေးမြူရေးတောင်သူများ အနေဖြင့် ဆိတ်မွေးမြူရေးလုပ်ငန်းကို ပိုမိုအောင်မြင်အောင်ဆောင်ရွက်နိုင်ပါက ဈေးကွက်အလားအလာကောင်းများရှိနေကြောင်း သတင်းရရှိသည်။

MOALI



# စက်တင်ဘာ ဒုတိယ ၁၀ ရက်ပတ်

# စိုက်ပျိုးရေးမိုးလေဝသအခြေအနေ



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်နေ့မှ ၂၀ ရက်နေ့အတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှ ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်ရှိနိုင်သည်။

## မိုးရွာသွန်းနိုင်မှုအခြေအနေ

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

## အမြင့်ဆုံးအပူချိန်အခြေအနေ

တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် တောင်ပိုင်းတို့တွင် ၇၄ ဒီဂရီဖာရင်ဟိုက်မှ ၈၅ ဒီဂရီဖာရင် ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၆ ဒီဂရီဖာရင်ဟိုက်မှ ၉၆ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

## အနိမ့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်တွင် ၅၃ ဒီဂရီဖာရင်ဟိုက်ခန့်၊ ပဲခူးတိုင်းဒေသကြီး တောင်ပိုင်း၊ ကချင် ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင် ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၂ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက် မြို့ပိုင်း)၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၂ ဒီဂရီဖာရင်ဟိုက်အတွင်းအသီးသီးရှိနိုင်သည်။

## လေထုစိုထိုင်းဆအခြေအနေ

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၇၇ ရာခိုင်နှုန်းမှ ၈၈ ရာခိုင်နှုန်း အတွင်းနှင့် ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၉ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

## ပင်ငွေ့ ရေငွေ့ပြန်နှုန်းအခြေအနေ

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၂ မီလီမီတာမှ ၂၂ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း နှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် ၂၃ မီလီမီတာမှ ၃၃ မီလီမီတာအတွင်း နှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် ၃၄ မီလီမီတာ၊ မှ ၄၄ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

## မြေဆီလွှာအောင်းရေအခြေအနေ

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယား ပြည်နယ်တို့တွင် (စိုစွတ်)အခြေအနေ အသီးသီးရှိနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

Agribiz News www.agribiznews.com.mm သတင်း

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

ထုတ်ဝေသူ
ဦးအောင်ဇံထွေး(မြ-၀၀၄၁၀)

လိပ်စာ
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့်
ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂

# နှမ်းစိုက်တောင်သူ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ နှမ်းအဝယ်ဒိုင် ဖွင့်လှစ်

**နှမ်း**စိုက်တောင်သူ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (SFDA) သည် နှမ်းဖြူနှင့် နှမ်းနက်များ ဈေးပြိုင် စနစ်ဖြင့် ဝယ်ယူရန်နှမ်းစိုက်တောင်သူ အများအပြား စုပေါင်းရောင်းချနိုင်သည့် စင်တာ တစ်ခုကို တည်ထောင်သွားမည်ဖြစ်သည်။

SFDA အဖွဲ့ဝင်ကျေးရွာများ၌ ဩဂုတ်လလယ်တွင် နှမ်းဖြူရိတ်သိမ်းရာသီစတင်ခဲ့ပြီး SFDA နှင့် မြင့်မြတ်တော်ဝင် ကုမ္ပဏီမှ စင်တာဖွင့်လှစ်ရန် ဆွေးနွေးခဲ့ကြသည်။

၎င်းတို့သည် ၂၀၂၂ ခုနှစ်တွင် စတင်ပူးပေါင်းဆောင်ရွက်ခဲ့ပြီး မကွေး၊ ဆင်ပေါင်ဝဲ၊ တောင်တွင်းကြီးနှင့် မြို့သစ်မြို့နယ်များရှိ ကျေးရွာပေါင်း ၈၀ ကျော်မှ စိုက်ပျိုးသူများအား အသိ ပညာပေးလှုပ်ရှားမှုများပြုလုပ်ခဲ့သည်။

၎င်းတို့သည် မကွေးတိုင်းဒေသရှိ သစ်ရာကောက်ကျေးရွာတွင် စင်တာတစ်ခုကို ၂ နှစ် ဆက်တိုက် ဖွင့်လှစ်ခဲ့သည်။

ယခုနှစ်တွင် သစ်ရာကောက် ကျေးရွာ၌ အရောင်းစင်တာဖွင့်ရန် ကြိုးပမ်းမှုသည် ၎င်းဧရိယာ၏ မမျှော်လင့်သော အခြေအနေများကြောင့် အဆင်မပြေဖြစ်ခဲ့ရသည်။ ထို့ကြောင့် ၎င်းတို့သည် မကွေးမြို့ အဝိုင်းပတ်လမ်းအနီးရှိ သင်ကြားရေးဆေးရုံမြောက်ဘက် မြင့်မြတ်တော်ဝင် ကုမ္ပဏီ၏ အဆောက်အဦသို့ ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ပြီး နှမ်းဖြူနှင့်နှမ်းနက်များကို ပွဲစားခနှင့် အလုပ်သမား ခပေးစရာမလိုဘဲ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့မှ စတင်ဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။

နှမ်းစိုက်တောင်သူဖွံ့ဖြိုးတိုးတက်ရေးအသင်းစင်တာကို တနင်္ဂနွေနေ့များသာ လျှင်ပိတ်ထားမည်ဖြစ်ပြီး ပွဲရုံဖွင့် ချိန်မှာ မနက် ၉ နာရီမှ ညနေ ၄ နာရီအထိဖွင့်လှစ်ထားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ နှမ်းစိုက်ပျိုးသူများအား အရောင်းစင်တာတွင်အဖွဲ့လိုက် စုပေါင်းရောင်းချကြရန် အသိပေးထားပါသည်။

SFDA သည် ကော်မတီများနှင့် ချိတ်ဆက်ရန်သတင်းအချက်အလက်များ ဖြန့်ဝေရန်နှင့် လုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်သွားရန် ကြိုးစားနေကြောင်းသိရှိရသည်။

အေးအေးခိုင်

https://www.gnlm.com.mm/





# အမရပူရတွင် အင်ဂျင်သုံး ၆ တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါး စိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပ

အမရပူရ စက်တင်ဘာ ၅

**မ**န္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်အတွင်း ဒေသခံတောင်သူ များအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာ အသုံးပြုလာစေရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်နိုင်ရေး၊ လုပ်သား အင်အားရှားပါးမှု ပြဿနာ ဖြေရှင်းပေးနိုင်ရေး၊ အချိန်တိုအတွင်းစိုက်ဧကများစွာကို ထွန်ယက်စိုက်ပျိုးနိုင်ခြင်းနှင့် စပါးအထွက်နှုန်းကောင်းမွန်စေခြင်းစသည့် ကောင်းကျိုးများစွာရရှိစေရန် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ အင်ဂျင်စွမ်းအားသုံး ၆ တန်းသွားလက်ဆွဲကောက်စိုက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက်၉ နာရီတွင် အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စု၊ ဂျိုရွာကျေးရွာ၊ ကွင်း အမှတ် ၅၇၀-ခ၊ ပေါက်အင်းကွင်း၊ ဦးပိုင်အမှတ် ၄၆/၁ ရှိ ဒေသခံတောင်သူ ဦးမြင့်မောင်၏ လယ်မြေ ၃ ဧကၡ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲတွင် မန္တလေးစက်မှုဇုန်၊ ဇွန်ငါးပွင့်စက်မှုလက်မှုလုပ်ငန်း (စိန်ပန်းအဖွဲ့) မှ ထုတ်လုပ်ထားသည့် အင်ဂျင်စွမ်းအားသုံး ၆ တန်းသွား ကောက်စိုက်စက်အသုံးပြု၍ စိုက်ပျိုးရာတွင် စိုက်ခင်းလယ် မျက်နှာပြင်ညီညာရန် လိုအပ်ခြင်း၊ ပျိုးခင်းအတွက်နေရာ အနည်းငယ်သာလိုအပ်ခြင်း၊ မျိုးစေ့နှုန်းထားအနည်းငယ်ဖြင့်စပါးအထွက်နှုန်းကောင်းမွန်စေခြင်း၊ကောက်ကွက်နှင့် ကောက်ပင်အတိမ်အနက် လိုအပ်သလိုချိန်ညှိစိုက်ပျိုးနိုင်ခြင်း၊ ပျိုးသက်နုနုဖြင့် စိုက်ပျိုးခြင်း၊ ကောက်ပင်လှန်မြန်ခြင်းနှင့် ပင်ပွားအရေအတွက် ပိုမိုရရှိခြင်း၊ တစ်ဧကေ ကောက်ကွက် ပြည့်မီခြင်း၊ ရာသီဥတု ပြောင်းလဲလာသည့်တို့တွင် အချိန်မီ စိုက်ပျိုးနိုင်ခြင်းနှင့် အင်ဂျင်စွမ်းအားသုံး ၆ တန်းသွား လက်ဆွဲကောက်စိုက်စက်၏ စက်မှုပိုင်းဆိုင်ရာ အချက်အလက်များကို မြို့နယ်ဦးစီးဌာနမှူး ဦးသွယ်မောင်မောင်ထွန်းမှ အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စိုက်ပျိုးရေးဦးစီးဌာန၊ဦးစီးမှူးဒေါက်တာမိုးဆွေရည်က အ ကျိုး တူ တော င် သူ များ အား ဓာ တ် မြေ ဩ ဇာ များ ဖြ န့် ဝေ ပေး ခဲ့ ပြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးမျိုးဇော်ဝင်းကရေပေးဝေနိုင်မှုအခြေ အနေများကိုရှင်းလင်းပြောကြားသည်။

အင်ဂျင်စွမ်းအားသုံး ၆ တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲသို့ အမရပူရမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့ဝင်များ၊ ကျေးရွာ ၅ ရွာမှ ဒေသခံတောင်သူများ စုစုပေါင်း ၃၇ ဦးခန့် စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **စိုးသီဟ(အမရ)**



# ပင်းတယ သခွားမွှေးသီးများကို မြို့များစွာမှ မှာယူလျက်ရှိ

**ရှမ်း**ပြည်နယ် ပင်းတယနယ်မှ ထွက်ရှိသော သခွားမွှေးသီးများ သည် ရန်ကုန် အပါအဝင် ကျောက်ဆည်၊ မန္တလေးနှင့် နေပြည်တော်တို့မှ မှာယူလျက်ရှိပြီး ဈေးနှုန်းချိုသာကြောင်း သိရှိရသည်။

သခွာမွှေးသည် ပို့ကုန်တစ်ခုဖြစ်သည်။ သို့သော်လည်း ပြည်တွင်းဈေးကွက်ကိုသာ မှီခိုနေရပြီး ယခုအချိန်တွင် ထွက်ရှိမှုများပြားနေခြင်းကြောင့်စားသုံး သူများ ဈေးနှုန်းချို သာစွာဖြင့် စားသုံးနေရကြောင်း ပင်းတယမြို့နယ်မှ တောင်သူများနှင့် ကုန်သည်များက ပြောသည်။

"ယခုရောင်းလိုအားမှာ အလွန်များနေပြီး ဈေးနှုန်းလျော့ကျလျက်ရှိပါသည်။ သို့သော်လည်းပြည်တွင်းစားသုံးမှုသာရှိသည့်အတွက် ဝယ်လိုအားနည်းပါးနေပါသည်။ ကျောက်ဆည်၊ မန္တလေး၊ နေပြည် တော်နှင့် ရန်ကုန်တို့မှ သခွားမွှေးဝယ်ယူမည့်မှာယူမှုများ လက်ခံရရှိနေပြီ ဖြစ်ပါသည်။ စားသုံးသူများအတွက် ဈေးနှုန်းချိုချိုသာသာဖြင့် ဝယ်ယူနိုင်၍ ကောင်းပါတယ်" ဟု ပင်းတယမြို့မှသခွားမွှေးစိုက် တောင်သူတစ်ဦး က ပြောသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလက သခွားမွှေးသီးဈေးနှုန်းသည်အလွန်ကောင်းမွန်ခဲ့ပြီး ကုန်သွယ်မှုလည်း ကောင်းမွန်ခဲ့သည်။ စိုက်ဧကပေါ်မူတည်၍ နောက်လများတွင် ဈေးနှုန်းအပြောင်းအလဲ ရှိလာနိုင်သည်။

၂၀၂၃ ဒီဇင်ဘာမှာ သခွားမွှေးဈေးကောင်းခဲ့ပြီး ကုန်သွယ်မှုများလည်း ကောင်းခဲ့ကြောင်း နောက် ပိုင်းတွင် တင်ပို့မှုပြန်လည်စတင်နိုင်ကြောင်း ယခုအချိန်တွင် ပြည်တွင်းဈေးကွက်တစ်ခုသာ အားကိုးနေရကြောင်း၊ စိုက်ဧကပေါ်မူတည်၍ လာမည့်လတွင် ဈေးနှုန်းအပြောင်း အလဲ ရှိနိုင်ကြောင်း၊ ရောင်းလိုအားများလျှင် ဈေးနှုန်းကျဆင်းမှာဖြစ်ပြီး ရောင်းလိုအားနည်းလျှင် ဈေးနှုန်း မြင့်တက်မည်ဖြစ်သည်" ဟု ၎င်းက ပြောကြားခဲ့ကြောင်း သိရှိရသည်။

**ဥမ္မာထွန်း**

https://www.gnlm.com.mm/muskmelons-grown-in-pindaya-receives-loads-of-orders-from-different-cities/#article-title (၁၁-၈-၂၄)



Agribiz News www.agribiznews.com.mm
မှ ePaper များကို ရယူလိုက်ပါ
www.agribiznews.com.mm



# တောင်သူများ ဝင်ငွေတိုးစေရန်အတွက် တနင်္သာရီတွင် ကော်ဖီပင်နှင့်ကိုကိုးပင်များ တိုးချဲ့စိုက်ပျိုး

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ တနင်္သာရီ မြို့နယ်၌ ဒေသခံတောင်သူများ အပိုဝင်ငွေရရှိစေရေးအတွက် ကော်ဖီပင် ၁၉၇ ဧက စိုက်ပျိုး ခဲ့သည့်အပြင် ကိုကိုးပင် ဧက ၃၀ စိုက်ပျိုးနိုင်ရေးအတွက် တနင်္သာရီမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ကွမ်းသီးဈေးကျဆင်းမှုကြောင့် ဒေသခံတောင်သူများ၏ ဝင်ငွေလျော့နည်းသွားရသဖြင့် ၎င်းတို့၏ ဝင်ငွေတိုးပွားစေရေးအတွက် ကွမ်းသီးပင်များအကြား၌ ကော်ဖီပင်နှင့် ကိုကိုးပင်များ မျိုးစုံ ရောနှောစိုက်ပျိုးရန် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တွန်းအားပေးခဲ့ကြောင်း၊ ထိုသို့ တွန်းအားပေးခဲ့ခြင်း၏ ရလဒ်အဖြစ် ယခုအခါ၌ ကော်ဖီပင်နှင့် ကိုကိုးပင် ဧက ၃၀ ခန့် တိုးချဲ့ စိုက်ပျိုးနိုင်ခဲ့ကြောင်းကို တနင်္သာရီမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဖြစ်သူ ဦးဇော်ဇော်က ပြောကြားသည်။

ယခုနှစ်တွင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများ၏ ကြိုးပမ်းအားထုတ် မှုကို အထောက်အပံ့ ဖြစ်စေရန်အတွက် ကော်ဖီပျိုးပင် ၈၅၀၀၀ နှင့် ကိုကိုးပျိုးပင် ၁၂၀၀၀ ကို အခမဲ့ ထောက်ပံ့ကူညီပေးခဲ့ကြောင်း၊ လျာထား စိုက်ဧကပြည့်မီရန်အတွက် ယခုနှစ်ကုန်တွင် ကော်ဖီ နှင့် ကိုကိုးစိုက်ခင်းဧကပေါင်း ၂၂၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရှိရပါသည်။

တနင်္သာရီမြို့နယ်တွင် ရော်ဘာနှင့် ကွမ်းသီးပင်များသည် အဓိက နှစ်ရှည်သီးနှံများ ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ရော်ဘာစိုက်ခင်းများနှင့် ကွမ်းသီးစိုက်ခင်းများ ကြားတွင် ရောနှောသီးနှံများအဖြစ် ကော်ဖီနှင့်ကိုကိုးစိုက်ပျိုးခြင်းကို တွန်းအားပေးခြင်းဖြင့် မြေယာ အသုံးချမှု ပိုမို ကောင်းမွန်စေခြင်း၊ တောင်သူများ၏ ဝင်ငွေတိုးပွားစေခြင်းနှင့် လူမှုစီးပွားဘဝ မြှင့်တင်ပေးနိုင်ခြင်းတို့ ဖြစ်စေနိုင်ကြောင်း၊ အဆိုပါ ပဏာမခြေလှမ်းအနေဖြင့် တောင်သူများအား နည်းပညာပံ့ပိုးခြင်းနှင့် ပျိုးပင်များ အခမဲ့ပေးခြင်းတို့ဖြင့် မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရှိရပါသည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃၁ ရက်နေ့အထိ ဒေသခံတောင်သူများ အနေဖြင့် ကော်ဖီစိုက်ခင်း ၁၉၇ ဧကနှင့် ကိုကိုးစိုက်ခင်း ၃၀ ဧကအား လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဥယျာဉ်ခြံသီးနှံစိုက်ခင်း စုစုပေါင်း ၁၁၄ ဧကနှင့် သစ်တောကြိုးဝိုင်း ၁၈၃ ဧကတွင် ကော်ဖီပင်နှင့် ကိုကိုးပင် ၂၂၇ ဧကအား စိုက်ပျိုးထားကြောင်း သိရှိရသည်။

**နှင်းရီဝင်း**

https://www.gnlm.com.mm/taninthayi-township-expands-coffee-and-cocoa-cultivation-to-boost-farmers-income/



AgribizNews ဝက်ဘ်ဆိုက်နှင့်e-Paper တို့တွင်
ကြော်ငြာများ ထည့်သွင်းနိုင်ပါပြီ
ဆက်သွယ်ရန်- ၀၉၇-၃၄၁၀၆၁၀၆ (e-government ဌာနခွဲ)

# တောင်ကြီးထွက် ဆေးဖက်ဝင် ဥတစ်လုံးကြက်သွန်ဖြူများကို နိုင်ငံတစ်ဝန်း ဈေးကောင်းပေး ဝယ်ယူစားသုံး

**ရှမ်း**ပြည်နယ်၊ တောင်ကြီးမြို့မှ ထွက်ရှိသော ဆေးဖက်ဝင်ဥတစ်လုံး ကြက်သွန်ဖြူများကို မြန်မာနိုင်ငံ တစ်ဝှမ်းလုံးသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ရှမ်းပြည်နယ်ကြက်သွန်ဖြူဈေးကွက်၏ သတင်းအရင်းအမြစ် များအရ သိရှိရသည်။

လူကြိုက်များပြီး စားသုံးမှုများသည့်အတွက်ဆေးဖက်ဝင်ဥတစ်လုံး ကြက်သွန်ဖြူဈေးနှုန်း မှာ ဩဂုတ်လမှစတင်၍ ဈေးကောင်းရရှိလျက် ရှိသည်။

အဆိုပါ ဥတစ်လုံးကြက်သွန်ဖြူများမှာ ဆေးဖက်ဝင်ပြီး လူကြိုက်များသည့်အတွက် ဈေးနှုန်း အနည်းငယ် မြင့်မားပါသည်။ ၎င်းဥတစ်လုံး ကြက်သွန်ဖြူတွင် ကြက်သွန်ဖြူ အမွှာ တစ်မွှာသာ ပါရှိသည်။ အချို့မှာ တစ်ကူးတစ်ကရှာဖွေ၍ ဝယ်ယူစားသုံးလျက် ရှိကြသည်။ အဆိုပါ ကြက်သွန်ဖြူများကို ပြည်၊ ရန်ကုန်နှင့် နေပြည်တော်အပါအဝင် မြို့အများအပြားသို့ ပို့ဆောင်လျက်ရှိပါသည်။ တာချီလိတ်မှ လူအများသည်လည်း အဆိုပါ ဥတစ်လုံး ကြက်သွန်ဖြူများကို ဝယ်ယူလျက်ရှိ



ကြောင်းတောင်ကြီးမြို့နယ်မှ လက်လီလက်ကား ရောင်းချသူတစ်ဦးက ပြောကြားသည်။

စတင်တူးဖော်ချိန်တွင် အဆိုပါ ဥတစ်လုံးကြက်သွန်ဖြူဈေးနှုန်းများမှာ ဈေးကောင်း မရရှိ သော်လည်း နောက်ပိုင်းတွင် ကြက်သွန်ဖြူဥ ပိုမိုခြောက်သွေ့လာသည်နှင့်အမျှ ဈေးကောင်း ပိုမို ရရှိကြောင်း ပြောကြားသည်။

ပြီးခဲ့သည့်လမှစ၍ ကြက်သွန်ဖြူဈေးနှုန်းမှာ အနည်းငယ် မြင့်တက်လာခဲ့ကြောင်း၊ ဥတစ်လုံး ကြက်သွန်ဖြူဈေးနှုန်းသည် အမွှာကြီးကြက်သွန်ဖြူဈေးနှုန်းနှင့် တူညီကြောင်း ပြောကြားသည်။

ကြက်သွန်ဖြူတွင် ပါဝင်သော Allicin သည် သွေးတွင်းရှိ မကောင်းသော ကိုလက်စထရောများ ကို လျှော့ချပေးပြီး နှလုံးအတွက် ကောင်းမွန်ပါသည်။ ကြက်သွန်ဖြူကို ပုံမှန် စားသုံးပေးခြင်းဖြင့် သွေးခဲနိုင်ခြေကို လျှော့ချစေနိုင်ပါသည်။ ထို့ပြင် ကြက်သွန်ဖြူသည် သွေးပေါင်ချိန်ကို လျှော့ချပေးနိုင်သည့်အတွက် သွေးတိုးရောဂါဝေဒနာရှင်များအတွက် ကောင်းမွန်ကြောင်း သိရှိရပါသည်။

**နွေးနွေးအောင်**

https://www.gnlm.com.mm/234616-2/

# ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုပြဿနာများနှင့် ရင်ဆိုင်နေရသည့် အင်ဒိုနီးရှားနှင့် မလေးရှား



**သက်**တမ်းရင့်ဆီအုန်းပင်များနှင့် ခြောက်သွေ့ရာသီဥတုတို့ကြောင့် အင်ဒိုနီးရှားနိုင်ငံ၏ ဆီအုန်းခူးဆွတ်နိုင်မှုအလားအလာမှာ နည်းပါးလျက်ရှိကြောင်း၊ ယင်းနှင့်ဆက်စပ်၍ ကမ္ဘာ့ဈေး ကွက်သို့ ဖြန့်ဖြူးနိုင်မှုကို နည်းပါးစေနိုင်ပြီး ဈေးနှုန်းမြင့်တက်မှုများ ဖြစ်လာနိုင်ကြောင်း အင်ဒိုနီးရှားစားအုန်းဆီအသင်း (Indonesian Palm Oil Association - GAPKI) က သတင်းထုတ်ပြန်ခဲ့သည်။

အင်ဒိုနီးရှားစားအုန်းဆီအသင်းနှင့် အင်ဒိုနီး ရှားစားအုန်းဆီဘုတ်အဖွဲ့တို့က ၂၀၂၄ ခုနှစ်၊ နှစ်အစပိုင်း တွင် ဆီအုန်းအထွက်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားသော်လည်း ၂၀၂၄ ခုနှစ်တွင် ဆီအုန်း အထွက်နှုန်းမှာ ၂၀၂၃ ခုနှစ်အတိုင်း သို့မဟုတ် ၂၀၂၃ ခုနှစ်ထက် ၅ ရာခိုင်နှုန်းလျော့နည်းမည်ဟု ထပ်မံခန့်မှန်းထားသည်။

မလေးရှားနိုင်ငံသည်လည်း သက်တမ်းရင့်ဆီအုန်းအပင်များနှင့် အလုပ်သမားမလုံလောက်မှုတို့ကြောင့် ထုတ်လုပ်မှုပြဿနာများနှင့် ရင်ဆိုင်နေရသည့်အတွက် ကမ္ဘာ့ဆီအုန်းအရန်ထားရှိသည့် ပမာဏမှာ ၃ နှစ်အတွင်း အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိလိမ့်မည်ဟု အမေရိကန်နိုင်ငံက ခန့်မှန်းထား ပါသည်။ ဩဂုတ်လ အစောပိုင်းအစီရင်ခံစာအရ အမေရိကန်ပြည်ပစိုက်ပျိုးရေးဝန်ဆောင်မှုက ဇန်နဝါရီလမှ ဇွန်လအထိ အင်ဒိုနီးရှားနိုင်ငံ၏ ဆီအုန်းထုတ် လုပ်မှုသည် ယခင်နှစ်ကာလတူက ထုတ်လုပ်နိုင်ခဲ့သည့် ပမာဏထက် ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ခန့်မှန်းထားသည်။

အင်ဒိုနီးရှားနိုင်ငံက ၂၀၂၃ ခုနှစ်တွင် ဆီအုန်းတန်ချိန် ၅၄ ဒသမ ၈ သန်းထုတ်လုပ်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၅၂ သန်းမှ ၅၃ သန်းအထိ ထုတ်လုပ်နိုင်မည်ဟု အင်ဒိုနီးရှားစားအုန်းဆီအသင်းက ခန့် မှန်းထားပါသည်။ အင်ဒိုနီးရှားနိုင်ငံရှိ အဓိကဆီအုန်းစိုက်ပျိုးသည့် ဒေသများ၏ ၃ ပုံ ၁ ပုံတွင် ဇူလိုင် လ၌ ပုံမှန်မိုးရေချိန်ထက်လျော့နည်းခဲ့ပြီး ဩဂုတ်လအထိ မိုးရေချိန်လျော့နည်းခဲ့ကြောင်း၊ ဆီအုန်း ထုတ်လုပ်မှုသည် ၅ ရာခိုင်နှုန်းလျော့ကျနိုင်ကြောင်း ခန့်မှန်းထားသည်။

"အရွယ်ရောက်ပြီး ဆီအုန်းအပင်များက လည်း ဆီအုန်းလုပ်ငန်းအတွက် ကိစ္စရပ်တစ်ခုဖြစ် ကြောင်း၊ အသေးစားစိုက်ပျိုးထုတ်လုပ်သူများ၏ ဆီအုန်းအပင်များမှာ ၂၅ နှစ်ကျော် သက်တမ်းရှိ အပင်များဖြစ်ပြီး အစားထိုးပြန်လည်စိုက်ပျိုးရန် လိုအပ်လျက်ရှိကြောင်း၊ ဆီအုန်း ထုတ်လုပ်မှုသည် အချို့သောစိုက်ခင်းများတွင် တစ်ဧကလျှင် ၈၃၀ ကီလိုဂရမ်မှ ၇၀၀ ကီလိုဂရမ်နီးပါး ကျဆင်းလျက် ရှိကြောင်း" အင်ဒိုနီးရှားစားအုန်းဆီဘုတ်အဖွဲ့၏ ခေတ္တဥက္ကဋ္ဌ Sahat Sinaga က ပြောကြားသည်။ ဘုတ်အဖွဲ့က ၂၀၂၄ ခုနှစ်အတွက် ဆီအုန်းထုတ်လုပ်မှုမှာ ၃ ရာခိုင်နှုန်းကျဆင်းမည်ဟု ခန့်မှန်းထားပါသည်။

ဆီအုန်းအဓိကစိုက်ပျိုးထုတ်လုပ်တင်ပို့နေသည့် အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် ထုတ်လုပ်မှုကျဆင်းလျက်ရှိရာ ကမ္ဘာ့ဈေးကွက်သို့ ဆီအုန်းဝင်ရောက်မှုကျဆင်းမည်ဖြစ်ပြီး ဈေးနှုန်း မြင့်တက်မှုများ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေရှိကြောင်း တင်ပြလိုက်ရပါသည်။

**သွယ်သွယ်ဆုတင်**

Indonesian Palm Oil Association – GAPKI

# ရုရှားနိုင်ငံသို့ တရုတ်လက်ဖက်ခြောက် တင်ပို့မှု ၂၁ ရာခိုင်နှုန်းတိုးတက်

**ရု**ရှားဖက်ဒရေးရှင်းနိုင်ငံသို့ ဇန်နဝါရီလမှ ဇူလိုင်လအထိ တရုတ်လက်ဖက်ခြောက်ထုတ်လုပ်သူများ၏ လက်ဖက်ခြောက်တင်ပို့မှုမှာ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး တန်ချိန်အားဖြင့် ၁၀,၀၀၀၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၂ သန်းအထိရှိကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)၏ အချက်အလက်များအရ သိရှိရသည်။

တရုတ်မှ ရုရှားသို့ တင်ပို့သောလက်ဖက်ခြောက်များအနက် Green Tea အမျိုးအစားသည် ၆၆ ရာခိုင်နှုန်း(မက်ထရစ်တန်ချိန် ၆,၆၀၀ ကျော်)၊ Oolong Tea အမျိုးအစားသည် ၁၅ ရာခိုင်နှုန်း ခန့်၊ ရုရှားလူမျိုးများအတွက် ရိုးရာလက်ဖက်ခြောက်နှင့် တူသော Black Tea အမျိုးအစားသည် ၁၄ ရာခိုင်နှုန်းခန့်နှင့် Jasmine Tea သည် ၃ ဒသမ ၆ ရာခိုင်နှုန်းခန့်ဖြစ်ကြောင်း သိရှိရသည်။

၂၀၂၄ ခုနှစ်၊ ၇ လတာကာလအတွင်း တရုတ်လက်ဖက်ခြောက် တင်သွင်းသည့်နိုင်ငံများအနက် ဝယ်ယူမှုတန်ဖိုးအရ မော်ရိုကို (ဒေါ်လာ ၁၂၃ ဒသမ ၅ သန်း)၊ ဂါနာ( ဒေါ်လာ ၉၅ ဒသမ ၂ သန်း)၊ မလေး ရှား(ဒေါ်လာ ၅၃ သန်း)၊ မော်ရီတေးနီးယား(ဒေါ်လာ ၃၆ ဒသမ ၇ သန်း)နှင့် ရုရှား(ဒေါ်လာ ၃၂ သန်း) သည် ပဉ္စမနေရာတွင် ရှိနေသည်။



၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံသည် ရုရှားနိုင်ငံသို့ လက်ဖက်ခြောက်တန်ချိန် ၁၄,၇၄၇ တင် ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် ဒေါ်လာ ၅၄ သန်းခန့်ရှိခဲ့ကာ ၂၀၂၂ ခုနှစ်ထက် ၂၂ ရာခိုင်နှုန်း လျော့နည်းခဲ့သည်။ တရုတ်နိုင်ငံသည် ရုရှားနိုင်ငံမှ လက်ဖက်ခြောက်များ တင်သွင်းခဲ့သော်လည်း ပမာဏအားဖြင့် တင်ပို့မှုထက် သိသိသာသာ လျော့နည်းခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံသို့ လက်ဖက်ခြောက်အဓိကတင်ပို့ခဲ့သော နိုင်ငံများမှာ အိန္ဒိယ (၃၄,၂၈၀ တန်)၊ သီရိလင်္ကာ(၂၂,၆၁၄ တန်)၊ တရုတ်(၁၄,၇၄၇ တန်)၊ ကင်ညာ(၁၃,၈၇၉ တန်)နှင့် အင်ဒိုနီးရှား(၄,၅၃၈ တန်) တို့ဖြစ်သည်။ ရုရှားနိုင်ငံသည် နှစ်စဉ် လက်ဖက်ခြောက်တန်ချိန် ၁ သိန်းနှင့်အထက် တင်သွင်းလျက်ရှိသဖြင့် ရုရှားနိုင်ငံသို့ လက်ဖက်ခြောက်တင်ပို့နိုင်သည့် အလားအလာကောင်းများ ရှိနေပါကြောင်း သုံးသပ်ရပါသည်။

**ခွန်မျိုးသူ**

https://tass.ru/ekonomika/21657393

စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့်ဈေးကွက်ရရှိစေရန်
စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း၊ ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ်၊ ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ်
တို့ကို လိုက်နာကျင့်သုံးပါ။

# ငါးလတာကာလအတွင်း အီရန်မှလယ်ယာထွက်ကုန်တင်ပို့မှု သိသိသာသာ မြင့်တက်လာကြောင်း ဖော်ပြ

စနေနေ့က ထုတ်ပြန်သည့် IRICA ကိန်းဂဏန်းများအရ အီရန်နိုင်ငံသည် ဩဂုတ်လ ၂၁ ရက်အထိ ငါးလတာကာလအတွင်း စိုက်ပျိုးရေးထွက်ကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၅၃ ဘီလီယံ ဖိုးခန့် တင်ပို့နိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ် အလားတူကာလထက် ၃၃ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။

ဧပြီလမှ ဩဂုတ်လအတွင်း သဘော်ဖြင့် ကုန်ပစ္စည်းပမာဏအားဖြင့် မက်ထရစ်တန် ၂ ဒသမ ၆၅၇ သန်းကျော် တင်ပို့ခဲ့ပြီး ၂၂ ရာခိုင်နှုန်း တိုးလာကြောင်း ကိန်းဂဏန်းများအရ သိရပါသည်။

အီရန်လယ်ယာထွက်ကုန်များ အဓိကတင်ပို့သည့်စာရင်းတွင် အမေရိကန်ဒေါ်လာ ၃၅၂ သန်း တင်ပို့မှုတန်ဖိုးရှိသည့် ပီစတာချီယိုသည် ထိပ်ဆုံးမှ ရပ်တည်နေပြီး ၎င်းနောက်တွင် ခရမ်းချဉ် သီးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၇၇ သန်းနှင့် ပန်းသီးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁၁ သန်း ရှိကြောင်း ကိန်းဂဏန်းများအရ သိရပါသည်။



ဖန်လုံအိမ်ဖြင့်စိုက်ပျိုးသည့် ငရုတ်ကောင်း၊ လိမ္မော်သီး၊ ပီစတာချီယို၊ ပန်းသီးနှင့် ဆလတ် ရွက်တင်ပို့မှုတို့သည် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဧပြီလမှ ဩဂုတ်လအတွင်း တင်ပို့မှု အမြင့်ဆုံးဖြစ်ကြောင်း IRICA မှ ပြောကြားသည်။

ဆန့်ကျင်ဘက်အနေဖြင့် အီရန်နိုင်ငံမှ ကုံကုမံတင်ပို့မှု ၅၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး မက်မွန် သီးနှင့် ဖရဲသီးအမျိုးမျိုးတင်ပို့မှုမှာလည်း ၁၅ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း ၎င်းက ပြောကြား ခဲ့ပါသည်။

အီရန်သည် မကြာသေးမီနှစ်များအတွင်း အစိုးရ၏စိုက်ပျိုးရေးကဏ္ဍအပေါ် ပိုမိုအလေးပေး ပံ့ပိုးကူညီမှုနှင့် ပြည်တွင်းနှင့် ဒေသတွင်းဈေးကွက်များအကြား သီးနှံများ၏ ဈေးနှုန်းကွာခြားမှုများကြောင့် ၎င်း၏ လယ်ယာထွက်ကုန်တင်ပို့မှုတွင် သိသိသာသာ တိုးတက်လာခဲ့သည်။

ပို့ကုန်များ အများအပြားတင်ပို့ခြင်းဖြင့် နိုင်ငံ၏ ကျေးလက်ဒေသများအတွက် ပိုမို ကောင်းမွန်သော ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပြီး အီရန်၏စိုက်ပျိုးရေးကဏ္ဍတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးပွားလာစေခဲ့ကြောင်း သိရသည်။

**ဖုန်းမြတ်ဝင်းမောင်မောင်**

https://en.mehrnews.com/news/220138/Iran-reports-major-rise-in-agriculture-exports-in-5-months(၂၅-၈-၂၄)

# ယခုနှစ် ဗီယက်နမ်မှ တရုတ် အုန်းသီးတင်ပို့မှု အမေရိကန် ဒေါ်လာ တစ်ဘီလီယံအထိ ရောက်ရှိနိုင်

ယခုလအစောပိုင်းတွင် တရုတ်နိုင်ငံသို့ အေးခဲထားသော ဒူးရင်းသီး၊ လတ်ဆတ်သော အုန်းသီးများနှင့် မိကျောင်းထွက်ကုန်ပစ္စည်းများကို တရားဝင် တင်ပို့ရန် ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့သည် သဘောတူစာချုပ် ၃ ခုကို အပြီးသတ်ချုပ်ဆိုခဲ့သည်။ အဆိုပါ ဖွံ့ဖြိုးတိုးတက်မှုမှ လယ်ယာထွက်ကုန်များ၏ တင်ပို့မှုပမာဏကို တိုးလာစေရန် မျှော်မှန်းထားသည်။တရုတ်နိုင်ငံတွင် လူဦးရေ ၁ ဒသမ ၄ ဘီလီယံအထက်ရှိပြီး တရုတ်နိုင်ငံ၏ ပြည်တွင်းမှ ထွက်ရှိသော အုန်းသီး ပမာဏသည် တရုတ်နိုင်ငံအုန်းသီးဝယ်လိုအား၏ ၁၀ ရာခိုင်နှုန်းခန့်သာ ဖြည့်ဆည်းပေးနိုင်သည့်အတွက်လတ်ဆတ်သော အုန်းသီးများ တင်ပို့မှု သဘောတူညီချက်သည် ဗီယက်နမ်နိုင်ငံ၏ အုန်းသီးစိုက်ပျိုးထုတ်လုပ်သူများအတွက် ကြီးမားသော အခွင့်အလမ်းများ အဖြစ် မျှော်မှန်းထားသည်။

ဤကဲ့သို့ တရုတ်ဈေးကွက် ပွင့်လာခြင်းသည် အုန်းသီးအတွက် တည်ငြိမ်သော စားသုံးမှု ဈေးကွက်ကို ဖန်တီးပေးပြီး အုန်းသီးဈေးနှုန်းများ ကျဆင်းမှုအား ကာကွယ်ရန် အထောက်အကူ ဖြစ်စေကြောင်း Ben Tre ပြည်နယ်မှ အုန်းသီးစိုက်ဧရိယာ ၁ ဟက်တာရှိသော တောင်သူ တစ်ဦးဖြစ်သည့် Nguyen Huu Tai က ပြောကြားခဲ့သည်။ ဗီယက်နမ် သစ်သီးဝလံနှင့် ဟင်းသီး ဟင်းရွက်အဖွဲ့အစည်းမှ ယခုနှစ်ကုန်ပိုင်းတွင် လတ်ဆတ်သောအုန်းသီး တင်ပို့မှုမှာ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ မှ ၃၀၀ သန်း အထိ တိုးတက်လာလိမ့်မည်ဟု ခန့်မှန်းထားပြီး ဆက်လက်၍လည်း တိုးတက်လာမည်ဟုမျှော်မှန်းထားသည်။

ကမ္ဘာ့ပေါ်တွင် သတ္တမမြောက် အုန်းသီးအများဆုံးစိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံတစ်ခု ဖြစ်သည့် ဗီယက်နမ်နိုင်ငံတွင် စုစုပေါင်း အုန်းသီးစိုက်ဧရိယာ၁၈၈,၀၀၀ ဟက်တာရှိပြီး နှစ်စဉ် အုန်းသီး တန်ချိန် ၂ သန်းဝန်းကျင် ထွက်ရှိပြီး မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသများတွင် အများဆုံး ထွက်ရှိသည့်နိုင်ငံဖြစ်သည်။ သို့သော် အုန်းသီးစက်ရုံလုပ်ငန်းရှင်များအနေဖြင့် တရုတ်နိုင်ငံသို့ ရေရှည်တင်ပို့နိုင်ရေးအတွက် အရည်အသွေးပိုင်းဆိုင်ရာ စံချိန်စံညွှန်း လိုအပ်ချက်များကဲ့သို့သော စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။ အုန်းသီးများကို တစ်စုတစ်စည်းတည်းစိုက်ပျိုးထားခြင်း မရှိသည့်အတွက် အရည်အသွေးပိုင်းဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များကို အဟန့်အတား ဖြစ်စေပြီး အဆိုပါကိစ္စရပ်များကို ဖြေရှင်းရန် အချိန်လိုအပ်လျက်ရှိကြောင်းသီးနှံစိုက်ပျိုးထုတ်လုပ်ရေးဌာန၏ ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ Nguyen Quoc Manh က ပြောကြားသည်။

အုန်းသီး ခူးဆွတ်ခြင်း၊ စုဆောင်းခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် အခြေခံအဆောက်အအုံများအတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။

Ben Tre အုန်းသီးရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ၏ ဥက္ကဋ္ဌ ဖြစ်သူ Tran Van Duc မှ ဈေးကွက် ချဲ့ထွင်ရာတွင် လွယ်ကူချောမွေ့စေရန်အတွက် တင်းကျပ်သော အရည်အသွေးပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီသည့် စိုက်ပျိုးထုတ်လုပ်သည့်ဧရိယာများ ဖွံ့ဖြိုးတိုးတက်လာမှု၏ အရေးပါပုံ များကို အလေးပေးပြောကြားသည်။ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး Hoang Trung မှ သွင်းကုန်ဈေးကွက် လိုအပ်ချက်များနှင့်ကိုက်ညီစေရန် စိုက်ပျိုး ဧရိယာများနှင့် ပါကင်ထုတ်ပိုးမှုပစ္စည်းများကို စီမံခန့်ခွဲရန် အရေးကြီးကြောင်း အလေးထား ပြောကြားခဲ့သည်။

အဆိုပါဝန်ကြီးဌာနသည် အုန်းသီးတင်ပို့မှုများ ချဲ့ထွင်ရန်အတွက် ဤအခွင့်အလမ်းကို အသုံးချပြီး ဗီယက်နမ်တောင်သူများအား ပံ့ပိုးကူညီရန် တရုတ်အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် ကတိကဝတ်ပြုခဲ့သည်။ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း လတ်ဆတ်သော အုန်းသီး တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ဝန်းကျင်ရှိပြီး တရုတ်၊ ထိုင်း၊ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့မှာ အဓိကဈေးကွက်များ ဖြစ်ကြောင်း သိရှိရပါသည်။

**နွေးနွေးအောင်**

https://www.freshplaza.com/north-america/article/9653823/vietnam-s-coconut-exports-to-china-could-hit-1-billion-usd-this-year/၂၉-၈-၂၄






ဘဲနှင့်စပါး တွဲဖက်စိုက်ပျိုးမွေးမြူခြင်းဖြင့် ဂေဟစနစ်ကိုတစ်ဖက်တစ်လမ်းမှ အကျိုးကျေးဇူးရှိပုံ

## သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကိုထိန်းသိမ်းဖို့

# အပင်နှင့်တိရစ္ဆာန် တွဲဖက်စိုက်ပျိုးမွေးမြူကြပါစို့

ဇူးသီ(မွေး/သု)

ကျွန်ုပ်တို့ နေထိုင်ရာကမ္ဘာကြီး၌ သက်ရှိသက်မဲ့ အရာအားလုံးသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အကျိုးပြုရင်း မှီတင်းနေထိုင်လျက်ရှိကြပါသည်။ ယခုအခါတွင် လူသားတို့၏ နေထိုင်မှုစနစ် များကြောင့် သဘာဝဂေဟစနစ်များအပေါ် အကျိုးသက်ရောက်မှုများရှိ၍ တစ်စတစ်စ ချို့ယွင်းလာရသည်ကို တွေ့ရှိရပါသည်။ သဘာဝဂေဟစနစ်ချို့ယွင်းလာမှုသည် လူသားတို့အပေါ်တွင်သာမက သက်ရှိသက်မဲ့အရာအားလုံးကိုပါ ထိခိုက်နစ်နာစေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လုပ်ဆောင်ရမည့် ကဏ္ဍအလိုက် သဘာဝဂေဟစနစ်ကို ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်လျက်ရှိပါသည်။

ကမ္ဘာကြီးပူနွေးလာခြင်းသည် လေထုထဲရှိ ဖန်လုံအိမ်အာနိသင်ကို သက်ရောက်မှုဖြစ်စေသော ဓာတ်ငွေ့မြင့်တတ်လာခြင်းကြောင့်ဖြစ်ပါသည်။ အဆိုပါဓာတ်ငွေ့များ ပမာဏများလာလျှင် ကမ္ဘာ့ အပူချိန်မြင့်တက်လာရုံမျှမက အဆမတန်မြင့်မားလာသော အပူချိန်ကြောင့် အပူလှိုင်းများဖြစ်ကာ လူသားတို့ဦးနှောက်သွေးကြောပြတ်ခြင်း၊ အပူရှပ်ခြင်း၊ သက်ကြီးရွယ်အိုများ အပူဒဏ်ကြောင့်သေဆုံး ခြင်း၊ အပူချိန်မြင့်၍ သီးနှံများစိုက်ပျိုး၍မရခြင်း၊ မြေအောက်ရေများကျဆင်းလာကာ ရေရှားပါးလာခြင်း၊ မိုးခေါင်ခြင်း၊ အကဲစစ်မိုးများရွာ၍ သီးနှံများပျက်စီးခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်မြင့်မားလာမှုကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်ခြင်း၊ ပင်လယ်မှ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူမှုများလာသောအခါ ပင်လယ်ရေတွင် အယ်ကာလိုင်းဓာတ် (အငန်ဓာတ်) ပိုလာသဖြင့် ရေနေသက်ရှိများ(ငါးအပါအဝင် ရေညှိရေမှော်များ)ပျက်စီးကာမျိုးသုန်းခြင်း၊ အပူချိန်မြင့်၍ ရေခဲတောင်များ၊ ရေခဲမြစ်များ အရည်ပျော်ကျခြင်းကြောင့် ပင်လယ်ရေမြင့်တက်လာကာ ရေကြီးရေလျှံခြင်း၊ ကလိုရိုဖလူရိုကာဗွန်ဓာတ်ငွေ့များသည် အိုဇုန်းလွှာကို ပျက်စီးစေကာ အိုဇုန်းလွှာပါးလာသောကြောင့် အရေပြားကင်ဆာများ၊ မျက်စိတိမ်စွဲခြင်းများဖြစ်လာခြင်းစသော ဆိုးကျိုးများစွာကို အကျိုးဆက် ဖြစ်စေပါသည်။

ဖန်လုံအိမ်ဓာတ်ငွေ့များစွာရှိသည့်အနက်မှ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ မီသိန်း၊ နိုက်ထရိုက် အောက်ဆိုဒ်တို့ကို တိုင်းတာခြင်းသည် ကမ္ဘာကြီးပူနွေးလာမှုအလားအလာရှိမှုကို ဖော်ပြသော သိသာထင်ရှားသော နည်းလမ်းများဖြစ်ပါသည်။ မီသိန်းဓာတ်ငွေ့သည် အရေးကြီးသော ဖန်လုံအိမ်ဓာတ်ငွေ့ ဖြစ်ပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထက် (infrared absorption capacity) ၂၅ ဆ ပို၍ရှိနေပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း လေထုထဲတွင် မီသိန်းဓာတ်ငွေ့ပြင်းအား ၁ ဒသမ ၅၀ ppm မှ ၁ ဒသမ ၇၂ ppm ထိ တိုးတက်လာပြီး ကမ္ဘာကြီးပူနွေးလာမှုအပေါ် ၅% အထိ သက်ရောက်သည်ကို လေ့လာ ဆန်းစစ်ချက် အစီရင်ခံစာများအရ သိရှိရပါသည်။

ထို့အပြင် မွေးမြူရေးတိရစ္ဆာန်များမှထွက်ရှိသော မစင်များသည် မီသိန်းဓာတ်ငွေ့ထွက်ရှိခြင်း၏ အဓိက အရင်းအမြစ်တစ်ခုဖြစ်ကြောင်းကိုလည်း သုတေသနစာတမ်းများအရ တွေ့ရှိရပါသည်။ မီသိန်းဓာတ်ငွေ့သည် ကမ္ဘာကြီးပူနွေးလာမှုနှင့် အိုဇုန်းလွှာပျက်စီးမှုအတွက် အဓိက အရေးပါသော ဓာတ်ငွေ့ဖြစ်လာပြီး တစ်နှစ်လျှင် ၁ ရာခိုင်နှုန်း မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် မွေးမြူရေးတိရစ္ဆာန်များမှ ထွက်ရှိသောမစင်များကို Biogas အဖြစ် ထုတ်လုပ်လာကြပါသည်။ ထိုသို့ ထုတ်လုပ်ခြင်းသည် သဘာဝဂေဟစနစ်အတွက် အကျိုးရှိရုံသာမက စီးပွားရေးအရလည်း တွက်ခြေကိုက်စေပါသည်။

ထို့အပြင် စပါးစိုက်ခင်းထဲမှ မီသိန်းဓာတ်ငွေ့ထုတ်လုပ်ခြင်းပမာဏသည် လေထုထဲတွင် ထုတ်လုပ်သော မီသိန်းဓာတ်ငွေ့ပမာဏ၏ ၁၀ ရာခိုင်နှုန်း မှ ၂၀ ရာခိုင်နှုန်း အထိရှိပါသည်။ ထို့ကြောင့် သုတေသနပညာရှင်များသည် ဘက်စုံစိုက်ပျိုးမွေးမြူရေးစနစ်များအနက် မည်သည့် စနစ်သည် ကမ္ဘာကြီးပူနွေးလာမှုကိုဖြစ်စေသော မီသိန်းဓာတ်ငွေ့ ထုတ်လုပ်ခြင်းကို လျော့နည်းစေရန် အလားအလာရှိသည်ကို သိရှိနိုင်ရန်အတွက် နည်းလမ်းကောင်းများကို ရှာဖွေဖော်ထုတ်လျက်ရှိသည်။

ထိုကဲ့သို့သောနည်းလမ်းကောင်းများထဲတွင် စပါးနှင့်ဘဲ တွဲဖက်၍ ဘက်စုံစိုက်ပျိုးမွေးမြူခြင်းသည် စီးပွားရေးအရသော်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ကိုသော်လည်းကောင်း၊ ဂေဟစနစ်ကိုလည်းကောင်း များစွာအကျိုးကျေးဇူးရှိစေသည်ကို သုတေသနစာတမ်းများအရ တွေ့ရှိရပါသည်။ ထို့အပြင် စပါးနှင့်ဘဲ တွဲဖက်၍ ဘက်စုံစိုက်ပျိုးမွေးမြူခြင်းနည်းစနစ်ကို အာရှနိုင်ငံများဖြစ်သော တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် ဗီယက်နမ် အစရှိသည့်နိုင်ငံများတွင် များစွာအသုံးပြုလျက်ရှိသည်ကို တွေ့ရှိရပါသည်။

စပါးနှင့်ဘဲ တွဲဖက်၍ ဘက်စုံစိုက်ပျိုးမွေးမြူခြင်းတွင်ဘဲများသည် ၎င်းတို့၏ သဘာဝအမူ အကျင့်များအတိုင်း စပါးခင်းထဲတွင် လွတ်လပ်စွာနေထိုင်နိုင်ပြီး ကြိုက်နှစ်သက်ရာ အစာအာဟာရ များကို စပါးစိုက်ခင်းထဲတွင် ရှာဖွေစားသောက်နိုင်သည်ကို တွေ့ရှိရပါသည်။ ဖိလစ်ပိုင်နှင့် ဗီယက်နမ် နိုင်ငံများ၌ စပါးစိုက်ခင်းထဲတွင် ဘဲထည့်မွေးမြူခြင်းဖြင့် ခရုကဲ့သို့သော စပါးကိုဖျက်ဆီးနိုင်သည့် ပိုးမွှားများအန္တရာယ်ကို ကာကွယ်နိုင်သည်ကို တွေ့ရှိရပါသည်။ စပါး-ဘဲ တွဲဖက်၍ ဘက်စုံစိုက်ပျိုး မွေးမြူပါက ရောဂါကို(၆၃ ဒသမ ၈ ရာနှုန်း)၊ ပိုးမွှားကို(၇၆ ဒသမ ၁ ရာနှုန်း) နှင့် ပေါင်းပင်များကို(၈၅ ဒသမ ၂ ရာနှုန်း)အထိ ပိုမိုကာကွယ် နိုင်ကြောင်းကို သုတေသနစာတမ်းများအရ တွေ့ရှိရပါသည်။ စပါးနှင့်ဘဲ တွဲဖက်၍ ဘက်စုံစိုက်ပျိုး မွေးမြူ

စာ-၉ သို့



စပါးခင်းထဲတွင် ဘဲများထည့်၍ တွဲဖက်စိုက်ပျိုးမွေးမြူထားရှိပုံ

# မွန်ဘာဆာမြက်နှင့် အပင်ကြီးပဲနွယ်ပင်များ ရောနှောစိုက်ပျိုးခြင်း



သက်နောင်

ယနေ့ခေတ်ကမ္ဘာ့တွင် လူဦးရေသန်း ၇၀၀၀ ရှိလာခဲ့ပြီးဖြစ်ရာ ယခုတိုးပွားနေသည့်အတိုင်း ဆက်လက်တိုးပွားနေပါက အစားအစာများပိုမိုထုတ်လုပ်ရန်မှာ အဓိကလိုအပ်ချက်တစ်ခုဖြစ်ပါသည်။ အကယ်၍ ထိုသို့ပြုလုပ်နိုင်ခြင်းမရှိပါက အစားအစာရှားပါးမှုပြဿနာ ကြုံတွေ့လာရနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတကာသည် အစားအစာတိုးမြှင့်ထုတ်လုပ်ရန်အတွက် တွန်းအားပေးလာကြပါသည်။ Food security ဟုခေါ်သော အစားအစာလုံလောက်မှုရှိစေရန်မှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတွင်ပါဝင်ပတ်သက်နေသူများ၏ အဓိကတာဝန် ဖြစ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အောက်တွင် ဖွဲ့စည်းထားသည့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင်တာဝန်ထမ်းဆောင်နေကြသော ကျွန်တော်တို့သည်လည်း အသားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် သုတေသနလုပ်ငန်းများလုပ်ဆောင်လျက်ရှိသည်မှာ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကျိုးပြုနေပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒဌာနတွင်ပြုလုပ်ခဲ့သော သုတေသနတစ်ခုကို စာဖတ်သူတို့အားတင်ပြလိုပါသည်။

စာရေးသူပြုလုပ်ခဲ့သော သုတေသနမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းကိုပူးတွဲဆောင်ရွက်ထားခြင်းပင်ဖြစ်ပါသည်။ အကျဉ်းချုပ်အားဖြင့် တင်ပြရမည်ဆိုလျှင် စားကျက်မြက် (မွန်ဘာဆာမြက်)နှင့်မတူညီသောအပင်ကြီးပဲနွယ်ပင်များ (ပဲချယ်ရီပင်၊ ဘောစကိုင်းပင်၊ ပေါက်ပန်းဖြူပင်) တို့နှင့် (Intercropping method) သီးညှပ်စိုက်ပျိုးခြင်း နည်းပညာဖြင့်တွဲဖက်စိုက်ပျိုးပြီး မွန်ဘာဆာမြက်၏ အထွက်နှုန်းနှင့် အာဟာရတန်ဖိုး များတိုင်းတာ၍ စားမြုံ့ပြန်တိရစ္ဆာန်တို့၏ အစာချေဖျက်နှုန်းတို့ကိုလေ့လာခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ပြုလုပ်ရခြင်း၏အဓိကရည်ရွယ်ချက်မှာ အပင်ကြီးပဲနွယ်ပင်များသည် နိုက်ထရိုဂျင်ဓာတ် များပြားစွာပါဝင်ပါသည်။ ထိုသို့များပြားစွာပါဝင်သော နိုက်ထရိုဂျင်များသည် မြေကြီးထဲရှိဘတ်တီးရီးယားပိုးများ၏ လုပ်ဆောင်ချက်များအရ တွဲဖက်စိုက်ပျိုးသော သီးနှံ (သို့မဟုတ်) တစ်ခြားသောအပင်များအား နိုက်ထရိုဂျင်ဓာတ်အားကူးပြောင်းပေးပါသည်။ ထိုသို့လုပ်ဆောင်ပေးခြင်းသည် တွဲဖက်စိုက်ပျိုးသောသီးနှံပင်များ၏ ပရိုတင်းဓါတ်မြင့်တက်လာပြီး စားမြုံ့ပြန် တိရစ္ဆာန်တို့အတွက် ကောင်းမွန်သောအာဟာရကိုရရှိစေနိုင်သည့် ရည်ရွယ်ချက်ဖြင့်ပြုလုပ်ခဲ့ ပါသည်။

၎င်းသုတေသနအား မြန်မာနိုင်ငံ၏ နွေရာသီကာလ အစာရှားပါးချိန်တွင် မြေသြဇာနှင့် ရေသွင်းခြင်းပြုလုပ်မှုမရှိပဲ အလယ်ပိုင်း အပူပိုင်းဇုန်၊ မြင်းခြံမြို့နယ်တွင် စိုက်ပျိုးခဲ့ပါသည်။

သုတေသနအား စမ်းသပ်မှု ၄ ခုအနေဖြင့် ၁) မွန်ဘာဆာမြက်သီးသန့်စိုက်ပျိုးခြင်း၊ ၂) မွန်ဘာဆာမြက်+ပဲချယ်ရီပင် တွဲဖက်စိုက်ပျိုးခြင်း၊ ၃) မွန်ဘာဆာမြက် + ဘောစကိုင်းပင် တွဲဖက်စိုက်ပျိုးခြင်း၊ ၄) မွန်ဘာဆာမြက်+ပေါက်ပန်းဖြူပင် တွဲဖက်စိုက်ပျိုးခြင်းတို့ ဖြစ်ပါသည်။ မြက်များကို ၆ လကြာ စိုက်ပျိုးခဲ့ပြီး ၄၅ ရက်တစ်ကြိမ် ရိတ်သိမ်းခဲ့ပါသည်။ ရရှိလာသော မွန်ဘာဆာမြက်နမူနာများအား အထွက်နှုန်း၊ အာဟာရတန်ဖိုးနှင့် အစာခြေဖျက်နှုန်း ခန့်မှန်း တိုင်းတာခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ မွန်ဘာဆာမြက်+ဘောစကိုင်းပင် တွဲဖက် စိုက်ပျိုးခြင်းသည် မွန်ဘာဆာမြက်+ပေါက်ပန်းဖြူပင် တွဲဖက် စိုက်ပျိုးခြင်းထက် အထွက်နှုန်းပိုမိုကောင်းမွန်ပါသည်။ အထွက်နှုန်းအနည်းဆုံးအား မွန်ဘာဆာမြက်သီးသန့်စိုက်ပျိုးခြင်း တွင်တွေ့ရှိခဲ့ရပါသည်။ မွန်ဘာဆာမြက် + ပဲချယ်ရီပင် တွဲဖက်စိုက်ပျိုး ခြင်း နှင့် မွန်ဘာဆာမြက် + ဘောစကိုင်းပင် တွဲဖက်စိုက်ပျိုးခြင်းတို့သည် မွန်ဘာဆာမြက် သီးသန့်စိုက်ပျိုးခြင်း နှင့် မွန်ဘာဆာမြက် + ပေါက်ပန်းဖြူပင်တွဲဖက်စိုက်ပျိုးခြင်းထက် အစာချေဖျက်နှုန်းသိသိသာသာကောင်းမွန်ပါသည်။ ဤသုတေသနရလာဒ်များအနေဖြင့် မွန်ဘာဆာမြက် + ပဲချယ်ရီပင် တွဲဖက်စိုက်ပျိုးခြင်းနှင့် မွန်ဘာဆာမြက် နှင့် ဘောစကိုင်းပင် တွဲဖက်စိုက်ပျိုးခြင်းတို့သည် တိရစ္ဆာန်များအတွက်ပိုမိုကောင်းမွန်သော အထွက်နှုန်းနှင့် အာဟာရတန်ဖိုးကိုရရှိစေပါသည်။ ထိုသို့သော ရလာဒ်များသည် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူတောင်သူများ အား အကျိုးပြုနိုင်သောသုတေသနများမှသည် မွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ပြီး အသားထုတ်လုပ်မှုပိုမိုကောင်းမွန်လာစေနိုင်ပါသည်။

တိုးပွားလာသောလူဦးရေများအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ အသားထုတ်လုပ်မှုသည်ကမ္ဘာ့အသားထုတ်လုပ်မှု၏ ၆၆ ရာခိုင်နှုန်းနှင့် နို့ထုတ်လုပ်မှုသည် ၅၅ ရာခိုင်နှုန်းအထိ တိုးမြှင့် ထုတ်လုပ်ဖို့ရည်မှန်းချက်ထားရာ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ ထုတ်လုပ်မှုများသည် အထောက်အပံ့ ဖြစ်စေနိုင်လိမ့်မည်ဖြစ်ပါသည်။ ၂၀၃၀ ခုနှစ်တွင် ကမ္ဘာတစ်ခွင်လုံး ငတ်မွတ်ခေါင်းပါးမှုဘေးမှ ကင်းစင်ရေးမျှော်မှန်းချက်ကိုပြည့်မီဖို့ သက်ဆိုင်ရာပါဝင်ပတ်သက်သူများက ကြိုးစားဆောင် ရွက်လျက်ရှိရာတွင် အထက်တွင် ဖော်ပြခဲ့သော သုတေသနဆောင်ရွက်မှုများမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းတွင်နေထိုင်ကြသောပြည်သူများအားလုံးအာဟာရပြည့်ဝပြီး ကျန်းမာ ပျော်ရွှင်သောလူနေမှုကျင့်စဉ်များ အတိုင်းနေထိုင်ကြပါစေဟုဆန္ဒပြုလျက် ယခုရေးသားမှု အားနိဂုံးချုပ်အပ်ပါသည်။

သက်နောင်

---

စာ-၈ မှ

ခြင်းစနစ်တွင် ဘဲများ၏ စပါးခင်းထဲတွင် လွတ်လပ်စွာ သွားလာမှုရလဒ်အနေဖြင့် ပျော်ဝင် အောက်ဆီဂျင်ပြင်းအား(Dissolved Oxygen Concentration) တိုးတက်လာခြင်းတို့ကြောင့် မီသိန်း ဓာတ်ငွေ့ထုတ်လုပ်ခြင်းပမာဏသည် ကျဆင်းလာသည်ကိုလည်း သုတေသနစာတမ်းများအရ တွေ့ရှိရပါသည်။

ဘဲများကို စပါးခင်းထဲတွင်မွေးမြူခြင်းဖြင့် ပေါင်းပင်များ၊ စပါးကိုဖျက်ဆီးမည့်ခရုပိုးမွှားများနှင့် အပင်ရောဂါဖြစ်ပွားမှုကို လျှော့ချစေနိုင်ခြင်း၊ မြေဆီလွှာဂုဏ်သတ္တိ ကောင်းမွန်လာခြင်းနှင့် စပါး အထွက်နှုန်းတိုးတက်လာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေပါသည်။ ထို့ကြောင့် စပါးစိုက်ပျိုးရေး အခန်းကဏ္ဍတွင် အကျိုးအမြတ်များစွာရရှိသကဲ့သို့ မွေးမြူရေးအခန်းကဏ္ဍတွင်လည်း အကျိုးအမြတ် များစွာရရှိစေရုံသာမက သဘာဝဂေဟစနစ်ကိုပါ ထိန်းသိမ်းရာရောက်သော အပင်နှင့်တိရစ္ဆာန် တွဲဖက်မွေးမြူရေးစနစ်ကို တိုးချဲ့ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

ဖူး-သီ(မွေး/သု)




စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ ဖန်လုံအိမ်ဓာတ်ငွေ့ထွက်ရှိပုံ

# စိုက်ပျိုးမွေးမြူရေးပညာနှင့်နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း-၁၂)

## ဂျပန်နိုင်ငံရှိ စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များ

ဒေါက်တာမျိုးကြွယ်

(ယခင်အပတ်မှအဆက်)

(င) ဇီဝထုတ်လုပ်မှုမဟာဌာန (Faculty of Bio-Industry)၏ မဟာဌာန၏ကြီးကြပ်မှု အောက်တွင်

(င-၁) ဇီဝထုတ်လုပ်ခြင်းဌာန (Department of Bio-Production)

(င-၂) ရေလုပ်ငန်းဆိုင်ရာ ဇီဝသိပ္ပံဌာန (Department of Aquatic Bioscience)

(င-၃) အစားအစာနှင့် အလှပြင်မှုဆိုင်ရာပညာဌာန (Department of Food and Cosmetic Science) (ကျွန်တော်တို့နိုင်ငံတွင်ဆိုလျှင် စိုက်ပျိုးရေးနှင့်ဘာမှမဆိုင်ဘူးဟုဆိုကာ ကန့်ကွက်နေမလားမသိပါ)

(င-၄)ကူးသန်းရောင်းဝယ်ရေးပညာသိပ္ပံနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုဌာန (Department of Business Science and Regional Development)

(င-၅) ဤမဟာဌာနနှင့် ဆက်စပ်သော အဖွဲ့အစည်းများ (Attached to the Faculty)

စသည်တို့ဖြစ်ပါသည်။ တက္ကသိုလ်နှင့်အတူတူ အထက်တန်းကျောင်းလည်း နေရာ/ နယ်မြေ (Same Campus) တစ်ခုတည်းအတွင်းတွင် ရှိပါသည်။ နောက်ထပ် အထက်တန်းကျောင်းခွဲ ၂-ကျောင်းမှာ ဂန်းမာ (Gunma) နှင့် ဆိုင်တမ (Saitama) တွင်တည်ရှိပြီး ဤစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်မှ တိုက်ရိုက်ကြီးကြပ်ပါသည်။

ဤတက္ကသိုလ်နှင့် အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းများ တွဲဖက်ထား ရခြင်းမှာ-

(က) အထက်တန်းကျောင်းမှ အောင်မြင်ပြီး စိုက်ပျိုးမွေးမြူရေးကို စိတ်ဝင်စားပါက ဤတက္ကသိုလ်တွင်ဘဲ လွယ်ကူစွာ စိုက်ပျိုးရေးမွေးမြူရေး ပညာများ ဆက်လက်သင်ယူနိုင်စေရန် (Educational Continuity)

(ခ) အထက်တန်းကျောင်းသား၊ ကျောင်းသူဘဝကထဲကစိုက်ပျိုးမွေးမြူရေးပညာများသည် တိုင်းပြည်စားနပ်ရိက္ခာ လုံခြုံဘေးကင်း၊ စိတ်ချစွာ စားသောက်နိုင်ရေး အသိပညာများ ရရှိနိုင်စေရန် (Specialized Curriculum)

(ဂ)တက္ကသိုလ်နှင့်ကျောင်းတွဲဖက်ထား၍ သုတေသနအခွင့်အလမ်းများ၊ တီထွင် ဖန်တီးလိုစိတ်များ ရရှိနိုင်စေရန် (Research Opportunities)

(ဃ) တက္ကသိုလ်ရှိ စာကြည့်တိုက်၊ ဓာတ်ခွဲခန်း၊ စိုက်ကွင်းများကို အကျိုးရှိစွာ အသုံးချတတ်စေရန် (University Resources)

(င) တိုကျိုစိုက်ပျိုးမွေးမြူရေး တက္ကသိုလ် ဝင်ခွင့်စာမေးပွဲကို လွယ်ကူစွာဝင်ရောက် ဖြေဆိုနိုင်စေရန် လေ့ကျင့်ပေးနေခြင်း (Preparation for University Entrance)

(စ) မိဘများက တိုင်းပြည်အတွက် စိုက်ပျိုးမွေးမြူရေးပညာကို အားပေးလာ စေရန် (Promotion of Agricultural Education in the country)

စသည်အချက်များဖြင့် ပုဂ္ဂလိက အထက်တန်းကျောင်း နှင့် ပုဂ္ဂလိက စိုက်ပျိုးမွေးမြူရေး တက္ကသိုလ် ပူးတွဲဖွင့်လှစ်ထားပါသည်။ ကျောင်းလခကမှ တနှစ်စာ ၆၇၀၀၀၀-၉၀၀၀၀၀ (ခြောက်သိန်းခုနှစ်သောင်းမှ ကိုးသိန်း)အထိရှိပါသည်။

တိုကျိုစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်



တက္ကသိုလ်နယ်မြေများ (University Campuses) မှာ တိုကျိုတွင် နှစ်နေရာနှင့် မြောက်ပိုင်း ဟိုကိုင်းဒိုးကျွန်းတွင် အိုခိုစ့်နယ်မြေ (Hokkaido-Okhotsk Campus) တစ်နေရာ စုစုပေါင်း ၃ နေရာ ပါရှိရာ ထိုနယ်မြေ မောင်မယ်သစ်လွင်ကြို ဆိုပွဲအတွက် လည်း ပြည်တွင်း လေကြောင်း လိုင်းစီးကာ ကျွန်တော်တို့ သွားရ ပါသေးသည်။ ဧပြီလကြီးဖြစ်သော်လည်း ဂျပန်မြောက်ပိုင်း တစ်နယ်လုံး နှင်းတွေဖုံးလွှမ်းနေပါသည်။ (သူတို့ဆီက ရေလုပ်ငန်းပညာသိပ္ပံဌာန (Department of Fishery and Aquaculture) ကို လေ့လာရေးသွားရာအပူပိုင်းဒေသတွင်ဖြစ်ထွန်းသော တီလားပီးယား ငါးများဖြစ်ထွန်းမှုကို သုတေသနပြုနေတာတွေ့ခဲ့ရပါသည်။ ကျွန်တော်က"ဘာရည်ရွယ်ချက်နဲ့သုတေသနပြုနေပါသလဲ" ဟု၍ မေးကြည့်ရာ ရာသီဥတုပြောင်းလဲမှု (Climate Change) ကြောင့် တို့နေရာတွေပါ ပူနွေးလာရင် (ဂျပန်လူမျိုးများ၏ အဓိက အစားအစာ ငါး၊ ပုစွန်များလျော့ပါးမသွားစေရန်)ငါးမွေးမြူရေး အဆင်သင့်ဖြစ်အောင် ကြိုတင် လေ့လာနေခြင်းဟု ရှင်းလင်းပြသခဲ့ပါသည်။ အဲဒီလောက်အထိအောင် အနာဂတ်ကို ကြိုတင်ပြင်ဆင်ထားခြင်းပါ။ အလွန်အတုယူစရာ ကောင်းလှပါသည်။

ဤတက္ကသိုလ်သည် ပုဂ္ဂလိက တက္ကသိုလ် တစ်ခုဖြစ်သော်လည်း ပါမောက္ခ ၁၇၈ ဦးနှင့် တွဲဖက်ပါမောက္ခ ၁၂၂ ဦး အထိရှိနေသော ကမ္ဘာ့အဆင့်မီ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဖြစ်ပါသည်။ သူတို့ဆီက ရာထူးတိုးစနစ်မှာ သူတို့ ကြိုက်နှစ်သက်ပါက အသက်ငယ်သော်လည်း ချက်ချင်း ပါမောက္ခဖြစ်နိုင်သော ရာထူးတိုးစနစ်ဖြစ်ပါသည်။ ပါမောက္ခနေရာသည်လည်း တစ်နေရာ၊ နှစ်နေရာ စသည်ဖြင့် အသေမရှိပါ၊ ဌာနမှူး နေရာကိုလည်း အများစုက မလုပ်ချင်ကြပါ။ ကျွန်တော်တို့နိုင်ငံသည် လုပ်သက်နှင့်ပေးခြင်းစနစ်ဖြစ်သည်။ကျွန်တော်တို့လိုမျိုးမနက်နှင့် ညနေ Duty Report တင်တာ ကွာသွားတာနှင့် လုပ်သက်တွက်ချက်မှု အမှတ်တွေကွာသွားတာမျိုး တွက်ချက်မည်မထင်ပါ။ နိုင်ငံတကာ အသိအမှတ်ပြု ဂျာနယ်များတွင် ရေးသားထုတ်ဝေမှုမှာလည်း လိမ်၍ တင်ပြလို့ရမည်မထင်ပါ။)

ဤတက္ကသိုလ်တွင် ၂၀၂၂-ခုနှစ်၌ ကျောင်းသား ၆၈၄၉ ဦး၊ ကျောင်းသူ ၄၈၆၇ ဦးဖြင့် စုစုပေါင်း (၁၁၇၁၆) ဦး၊ အငယ်တန်းကောလိပ်၌ (၆၅၈) ဦး လက်ရှိ ပညာသင်ကြား လျက် ရှိပါသည်။ ဤတက္ကသိုလ်မှ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာသန်းသန်းစိုးတို့က ပါရဂူဘွဲ့၊ ဒေါ်အိမ့်သက်ထားဦး၊ ဦးစစ်မှူးဆွေ တို့က မဟာစိုက်ပျိုးရေးသိပ္ပံဘွဲ့ ရခဲ့ပါ သည်။ ယခုလက်ရှိ ဒေါ်ဇင်ဝေမော်၊ ဒေါ်အိမ့်သက်ထားဦး၊ ဦးစစ်မှူးဆွေ တို့က ပါရဂူဘွဲ့ တက် ရောက်လျက်ရှိပြီး ၂၀၂၄-ခုနှစ်တွင် ဦးဇေဖြိုးထွန်း၊ ဒေါ်တင်မေဦး၊ ဦးညီညီထွဋ်တို့က မဟာစိုက်ပျိုးရေး သိပ္ပံဘွဲ့ရသွားပြီး ဒေါ်ခင်သန္တာအောင်၊ ဒေါ်ဖြိုးစုစုကျော်တို့က ဘွဲ့ကြို သင်တန်းများ ဘွဲ့ရပြီး မဟာစိုက်ပျိုးရေးသိပ္ပံ ဆက်တက်နေပါသည်။

### အတုယူစရာများ (Lessons Learned)

(၁) စိုက်ပျိုး၊ မွေးမြူရေးပညာများကို အစိုးရ တက္ကသိုလ်၊ ကောလိပ်သိပ္ပံများ (Public Universities) တွင်သာမက ပုဂ္ဂလိကတက္ကသိုလ်၊ ကောလိပ်သိပ္ပံများ(Private Universities) ပါ ပြည်နယ်နှင့်တိုင်း၊ တိုင်းရင်းသားနယ်မြေများတွင် အချိုး ညီညီ တိုးတက် ဖွံ့ဖြိုးလာအောင် လုပ်ဆောင်သင့်ပါသည်၊ (ပြီးခဲ့သော ဆောင်းပါး အမှတ် ၈-တွင် အိန္ဒိယ နိုင်ငံ စနစ်က ပြည်နယ်/ တိုင်း တစ်ခုတွင် အနည်းဆုံး စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် တစ်ခုစီရှိပါသည်)

(၂) အထက်တန်းကျောင်းနှင့် ပုဂ္ဂလိကတက္ကသိုလ် တစ်ခုတည်းထားခြင်းဖြင့် စိုက်ပျိုး မွေးမြူရေးကို ဝါသနာပါသော တစ်နိုင်ငံလုံးမှ ကျောင်းသား၊ ကျောင်းသူများကို မိဘများက တက္ကသိုလ်ရပ်ဝန်းအတွင်း ငယ်စဉ်ကတည်းက ပို့ထားနိုင်ပါသည်။ တစ်ချို့နယ်မြေမှာ အထက်တန်းကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းအိပ်၊ ကျောင်းစား နေနိုင်သော အဆောင်များပါ ပါရှိပါသည်။ မြန်မာနိုင်ငံ စိုက်ပျိုးရေး မွေးမြူရေးသိပ္ပံများနှင့် နီးစပ်ရာ စိုက်ပျိုး မွေးမြူရေး အထက်တန်းကျောင်းများ တွဲဖက်ထားလျှင်ရနိုင်ပါမည်လား?

(၃) ပါမောက္ခက ကြီးကြပ်ရသော ဓာတ်ခွဲခန်းစနစ် (Laboratory System led by a Professor) ဖြစ်သဖြင့် စာသင်ရင်း သုတေသနကို ခေါင်းဆောင် လုပ်နိုင်ပါသည်။ မြန်မာနိုင်ငံတွင်မူ ပါမောက္ခ (ဌာနမှူး) ဖြစ်သွားလျှင် ရာထူးမတိုးမချင်း၊ အငြိမ်းစား မယူမချင်း အပေါ်မှ အုပ်ချုပ်ကြီးကြပ်သွားသဖြင့် ကြာလာပါက အာဏာရှင်စနစ် ဆန်သွားပါသည်။ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များလည်း ဤစနစ်သာဖြစ်နေ၍ လူငယ်များ၏ တီထွင်၊ ဆန်းသစ်မှု

စာ-၁၁ သို့



# ကူဘိုတာ ၆ တန်းသွား ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ပျဉ်းမနားတွင် သရုပ်ပြ

နေပြည်တော် စက်တင်ဘာ ၅

ပြည် ထောင်စုနယ်မြေ နေပြည်တော်၊ပျဉ်းမနားခရိုင်၊ပျဉ်းမနားမြို့နယ်အတွင်း ဒေသခံတောင်သူ များအနေဖြင့် လယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာအသုံးပြုလာစေရေး၊လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာ စနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်နိုင်ရေး၊ လယ်ယာလုပ်သားရှားပါးမှု အခက်အခဲ ဖြေရှင်းနိုင်ရေးစ သည့်ကောင်းကျိုးများစွာရရှိစေရန်ရည်ရွယ်၍ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ ကူဘိုတာ ၆ တန်းသွား ကောက်စိုက်စက် များဖြင့် မိုးစပါးစိုက်ပျိုးခြင်း၊တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီ အချိန်တွင် ပျဉ်းမနားမြို့နယ်၊ ဇီးဖြူပင်ကျေးရွာအုပ်စု၊ ဇီးဖြူပင်ကျေးရွာ ကွင်းအမှတ် ၁၇၂၁ ရှိ တောင်သူဦး ဇော်ဝင်း၏ လယ်မြေ ၄ ဧကတွင် ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။ အဆိုပါ ကွင်းသရုပ်ပြပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ၊ နေပြည်တော်ကောင်စီဝင်များ ၊ တိုင်း ၊ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တောင်သူ စုစုပေါင်း ၁၁၀ ဦး တက်ရောက်လေ့လာ ကြည့်ရှုခဲ့ကြောင်း သိရှိရသည်။

နေပြည်တော်စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ မိုးစပါးစိုက်ပျိုးရာသီ၌ ထွန်စက်နှင့်တွဲဖက် သုံး အခြောက်ထယ်ရေးစပါးမျိုးစေ့ချကိရိယာဖြင့် ဧက ၁၂၀၀ ကျော်၊ ကူဘိုတာ ၆ တန်းသွား ကောက်စိုက်စက်ဖြင့် ဧက ၆၀၀ ကျော် စိုက်ပျိုးပေးခဲ့ကြောင်း သတင်း ရရှိသည်။

AMD

## လက်ပံတန်းတွင် သီးနှံအသစ်အဖြစ် ရိုဘတ်စတာကော်ဖီ စိုက်ပျိုးမည်

လက်ပံတန်း စက်တင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်း မြို့နယ်တွင် ဒေသအတွင်းသီးနှံသစ် စိုက်ပျိုးခြင်း အနေဖြင့် ရိုဘတ်စတာ ကော်ဖီပင်များကို သီးသန့်/သီးညှပ် စိုက်ပျိုးသွားမည်ဖြစ်ကြောင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနကသိရသည်။

ထိုသို့သီးနှံသစ်စိုက်ပျိုးခြင်းကို ဒေသအတွင်း ကော်ဖီစိုက်တောင် သူများတိုးပွားလာစေရန် တစ်ဧက လျှင် ကော်ဖီပျိုးပင် ၂၀၀ သီးညှပ် အဖြစ် ၃၆ ဧက တွင် စိုက်ပျိုးသွား မည်ဖြစ်သည်။

ယင်းသို့လက်ပံတန်းမြို့နယ် အတွင်း သီးနှံသစ်အဖြစ် စိုက်ပျိုး ထုတ်လုပ်နိုင်ရေးအတွက် ရိုဘတ်စ တာကော်ဖီပျိုးပင်ဖြန့်ဖြူးပေးအပ်ပွဲ ကို စက်တင်ဘာ ၄ ရက်က ချမ်းသာ ကုန်း စိုက်ပျိုးရေးစခန်းတွင်ကျင်းပ ခဲ့သည်။

အဆိုပါ ကော်ဖီပျိုးပင်ဖြန့်ဖြူး ပေးအပ်ပွဲတွင် လက်ပံတန်းမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီး မှူး ဦးဉာဏ်မြင့်က ရိုဘတ်စတာ ကော်ဖီစိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားပြီး ကော်ဖီပျိုး ပင်ပေါင်း ၇၂၀၀ ကိုပေးအပ်ရာ ကော်ဖီစိုက်တောင်သူလေးဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

ဇော်လင်းထွဋ်



စာ-၁၃ မှ

အိတ် ၈၇၀၀၀ကျပ်မှ ၈၈၀၀၀ကျပ် သို့ ဈေးမြင့်သွားသည်။

### သစ်သီးဝလံ

အုန်းတော၊ ဝမ်းတွင်း၊ သဲတောတို့ မှ ဖရဲသီးများ လှိုင်လှိုင်ဝင်ရောက်ပြီး တစ်လုံး ၂၅၀၀ကျပ်မှ ၃၅၀၀ကျပ်၊ တန့်ယန်းနာနတ်များ အဝင်များ သော်လည်း တစ်လုံး ၁၅၀၀ကျပ်ထိ ဈေးမြင့်သွားသည်။ ရှာငံဘက်မှ ထောပတ်သီးနှင့်ပင်မှည့်သီးများ အဝင်များပြီး အလုံး ၁၂၀ ပါ ထော ပတ်သီးတစ်အိတ် ၄၅၀၀၀ကျပ်၊ ၂၅၀ လုံးပါ ပင်မှည့်သီးတစ်အိတ် ၃၅၀၀၀ ကျပ်ဖြင့် မြို့တွင်းသုံးနှင့် အမှာရှိသောမန္တလေးဝန်းကျင် ဒေသ များသို့ တင်ပို့သည်။ တရုတ်စပျစ် များသာ ဝင်ရောက်ပြီး ၃ ပိဿာ ၅၀ ကျပ်သားဝင် တစ်ခြင်း ၈၀၀၀၀ကျပ်၊ ဖရဲသခွား၊ သခွားမွေးများ အဝင် နည်းခြင်းကြောင့် ဝူခုန်းသခွား (ဖရဲ သခွား) တစ်လုံး ၅၀၀၀ မှ ၆၀၀၀ ကျပ်၊ သခွားမွေးတစ်လုံး ၃၀၀၀ကျပ် ဖြင့် မြို့တွင်း သစ်သီးဆိုင်များ ဝယ် ယူမှုများသာရှိပြီး နယ်ဝေးတင်ပို့ရမှု နည်းနေသည်။ ခင်မေကြည်

စာ-၁၀ မှ

အခွင့်အရေး မရနိုင်တော့ပါ။

(၄) အစိုးရတက္ကသိုလ်များ တက် ရောက်ရန် အမှတ်မမီသော်လည်း ကျောင်းလခ ပေးသွင်းနိုင်ပါက သား၊ သမီးများအား စိုက်ပျိုးမွေးမြူရေး ပညာများကိုလေ့ကျင့် သင်ကြား ပေးနိုင်ပါသည်၊ မြန်မာနိုင်ငံတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (၁) ကျောင်းတည်းသာရှိနေ၍ (တစ်နိုင်ငံလုံး အများ ဆုံးလက်ခံနိုင် သော ဦးရေ ၁၅၀-၃၀၀ အထိသာ ဖြစ်၍)အကြောင်းအမျိုးမျိုးကြောင့် အမှတ်မမီသော၊ ငွေကြေး မတတ် နိုင်သော အထူးသဖြင့် ပြည်နယ်နှင့် တိုင်းများမှတိုင်းရင်းသား/သူကလေး များ သူတို့ဒေသအတွက် အလွန် အရေးပါလှသော၊ လက်တွေ့ကျ သော၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ကို တိုက်ရိုက် အထောက်အကူပြု သောဤဘာသာရပ်များကိုလေ့ကျင့် သင်ကြားခွင့်မရကြတော့ပါ၊ကျောင်း သား/သူ အများစုမှာ သာမန် အဝေး သင်ဘွဲ့ တစ်ခုနှင့်သာ ဘဝကို အဆုံး သတ်လိုက်ရပါသည်၊

ဂျပန်နိုင်ငံရှိ ကျန်စိုက်ပျိုးရေး တက္ကသိုလ်များအကြောင်း ဆက် လက်ရေးသားပါဦးမည်။

ဒေါက်တာမျိုးကြွယ်

( တိုကျိုစိုက်ပျိုးရေးတက္ကသိုလ် အကြောင်း သိလိုသမျှဖြေကြားပေး သော ထိုတက္ကသိုလ်မှ မဟာစိုက် ပျိုးရေးသိပ္ပံဘွဲ့ရ ကိုဇေဖြိုးထွန်းအား ကျေးဇူးတင်ရှိပါသည်)

(ဆက်လက်ဖော်ပြပါမည်)




## ဆန်

ယခုရက်သတ္တပတ်အတွက်ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း) တွင် ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၄၅၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၄၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၀၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၁၀၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပေါ်ကျွဲဆန် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၂၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၀၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထ ဆန်ဟောင်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၇၀၀၀၀ ကျပ် နှင့် အောက်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၆၉၀၀၀ကျပ်နှုန်းဖြင့် လည်းကောင်း ငစိန်ဆန် အလတ်စတစ်၂တင်းခွဲ တစ်အိတ် လျှင် ၇၁၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၇၀၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ ယခင်ရက် သတ္တပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ရွှေဘို ပေါ်ဆန်းနှင့် ဖျာပုံပေါ်ဆန်းမှာ တစ်အိတ်လျှင် ၅၀၀၀ ကျပ်ခန့် ဈေးမြင့်ခဲ့သည်။ ပေါ်ကျွဲဆန်နှင့် ငစိန်ဆန်မှာ ဈေးနှုန်းပြောင်းလဲမှုမရှိသော်လည်း ဧည့်မထန်ဆန်မှာ တစ်အိတ်လျှင် ၃၀၀၀ ကျပ်ခန့် ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ သတ်မှတ်ရည်ညွှန်းဈေးနှုန်းများ ဈေးမြင့်လာခြင်းမှာ ပြည်ပမှ တင်သွင်းရသော ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ဓာတ်မြေဩဇာ၊ စက်သုံးဆီနှင့် လယ်ယာသုံးသွင်းအားစုများဈေးမြင့်နေခြင်း၊ ဆန်ဟောင်းလက်ကျန်နည်း လာချိန်ဖြစ်ခြင်းတို့ကြောင့်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများတွင်လည်း ဆန်ဟောင်းလက်ကျန် နည်းလာချိန်ဖြစ်ခြင်း၊ ရောင်းလိုအားနည်းလာခြင်းတို့ကြောင့် ပြည်ပပို့ကုန်ဆန်ဈေးနှုန်းများ မြင့်တက်မှုရှိလာကြောင်းလည်းသိရသည်။ အထက်ပါဆန်ဈေးနှုန်းများမှာ စားသုံးသူရေးရာဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတ်မှတ်ထုတ်ပြန်ထားသော ၂၀၂၄ ခုနှစ်၊ စက်တင်ဘာအတွက် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းများပင်ဖြစ်သည်။ နေပြည်တော်၊ မန္တလေး၊ ရန်ကုန်မြို့ကြီးများ၏ လက်လီဈေးကွက် များတွင် ရည်ညွှန်းဈေးနှုန်းများထက် ၈ ရာခိုင်နှုန်းခန့်သာ ပိုသောဈေးနှုန်းများဖြင့် လက်လီရောင်းချပေးနိုင်ရန်လည်း စီစဉ်ထားရှိပြီးဖြစ်သည်။ လစဉ်ထုတ်ပြန်သည့် ရည်ညွှန်းဈေးနှုန်းများ၊ စည်းကမ်းချက်များနှင့်အညီ ရောင်းချရန်နှင့် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ အရည်အသွေး မမှန်မကန်ရောင်းချခြင်း၊ လိုက်နာဆောင်ရွက်မှုမရှိခြင်းတို့အပေါ် ထိရောက်စွာ အရေးယူမှုများ ပြုလုပ်နေသောကြောင့် ဆန်စက်များ၊ ဆန်အရောင်းဆိုင်များ၊ ကုန်သည်များနှင့် ဆန်လုပ်ငန်း ရှင်များမှ အလေးထားလိုက်နာဆောင်ရွက်ရန်လည်း အသိပေးတိုက်တွန်းထားကြောင်းသိရသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှု နည်းခဲ့ကြောင်း သိရသည်။

## အစေ့ထုတ်ပြောင်း

ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်တင်ပို့ခွင့်ကာလကုန်ဆုံးသွားပြီဖြစ်သော်လည်း ပြည်တွင်း၌ ပြောင်းအဟောင်းလက်ကျန်နည်းလာချိန်ဖြစ်ခြင်း၊ မွေးမြူရေးအစာစက်ရုံများမှ ပုံမှန်ဝယ်ယူမှုရှိ ခြင်း၊ သွင်းအားစုစရိတ်များနှင့် သယ်ယူပို့ဆောင်စရိတ်များဈေးမြင့်နေခြင်းတို့ကြောင့် အစေ့ထုတ် ပြောင်းဈေးနှုန်းများ ယခင်ရက်သတ္တပတ်၏ ဈေးနှုန်းများအတိုင်း ဈေးနှုန်းအမြင့်တွင် တည်ငြိမ် နေခဲ့သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၉၃၉၆၀ ကျပ်ဖြစ်သည်။ ၎င်းဈေးနှုန်းမှာ ဩဂုတ် တတိယရက်သတ္တပတ်မှ ယခု စက်တင်ဘာ ဒုတိယရက်သတ္တပတ် တိုင်အောင် ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

## ပဲမျိုးစုံ

ပဲမျိုးစုံအဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင် စော၍စိုက်သော မတ်ပဲသစ်အချို့ ဈေးကွက်သို့ အဝင်ရှိလာခြင်းနှင့် အရည်အသွေးနိမ့်ခြင်းတို့ကြောင့် မတ်ပဲဈေးနှုန်းများ အနည်းငယ်ကျဆင်းလာချိန်ဖြစ်ခြင်း၊ မြန်မာပြည်တွင်း၌လည်း မတ်ပဲ(သဘော်တင်)ဈေးနှုန်းများ ကျဆင်းလာချိန်ဖြစ်ခြင်းစသည့် အခြေအနေများကြောင့် မတ်ပဲ(သဘော်တင်)ဈေးနှုန်းများ ယခင်အပတ်ထက်ဈေးနိမ့်ခဲ့ခြင်းဖြစ်သည်။ သို့သော် အိန္ဒိယနိုင်ငံတွင် ပွဲတော်ကာလအတွက် ပဲလိုအပ်ချက်များရှိခြင်းနှင့် မြန်မာမတ်ပဲဈေး အကျတွင် ဝယ်လိုအားရှိနေခြင်းကြောင့် ယခုရက်သတ္တပတ်၏ ကုန်စည်ဒိုင်ဖွင့်ရက် ၆ ရက် အတွင်း ကုန်သေတ္တာ ၁၆၀ လုံးခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။ မတ်ပဲ(သဘော်တင်) တစ်တန်လျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၄၁၂၁၀၀၀ ကျပ်ဖြစ်ပြီး ယခု အပတ်ဈေးနှုန်း ၃၉၁၅၀၀၀ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ အလားတူပင် ပဲစင်းငုံ(သဘော်တင်) ဈေးနှုန်းမှာ လည်း ဒေါ်လာငွေလဲနှုန်းများ ကျဆင်းလာချိန်ဖြစ်၍ ယခင်အပတ်ပျမ်းမျှဈေးနှုန်းများထက် ဈေးနိမ့်လာခဲ့သည်။သို့ရာတွင်ပြည်တွင်းလက်ကျန်မရှိသလောက်နည်းလာချိန်ဖြစ်ခြင်း၊တက်ဈေး ကို မျှော်၍ရောင်းလိုအားနည်းခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး ယခုရက်သတ္တပတ်၏ ကုန်စည်ဒိုင် ဖွင့်ရက် ၆ ရက်အတွင်း အရောင်း အဝယ်ဖြစ်မှုမှာလည်း မရှိသလောက်နည်းခဲ့ကြောင်းသိရသည်။ ပဲစင်းငုံ (သဘော်တင်)တစ်တန်လျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၅၂၃၇၀၀၀ ကျပ်ဖြစ်ပြီး ယခု အပတ်ဈေးနှုန်းမှာ၄၈၉၅၀၀၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ပဲတီရွှေဝါနှင့် ဘိုကိတ်ပဲ ဈေးနှုန်းများမှာ ပြည်တွင်း ပြည်ပမှ ဝယ်လိုအားပုံမှန်သာရှိခြင်းကြောင့် ရောင်းလိုအား၊ ဝယ်လို အားမျှကာ ယခင်ရက်သတ္တပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။ပဲတီ ရွှေဝါ ၃ တင်း/ ၆၀ ပိဿာလျှင် ပျမ်းမျှ ဈေးနှုန်းမှာ ၂၉၇၉၀၀ ကျပ်ဖြစ်ပြီး ဘိုကိတ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ၃၆၀၀၀၀ ကျပ်ဖြစ်သည်။ ထောပတ်ပဲနှင့် ပဲလွမ်းဖြူမှာ ပြည်တွင်းစားသုံးသူများမှ ဝယ်ယူမှုများခြင်းကြောင့် ယခင်အပတ်ထက်ဈေးမြင့်လာခဲ့သည်။ ထောပတ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၃၇၅၆၀၀ ကျပ်ဖြစ်ပြီး ယခု အပတ်ဈေးနှုန်းမှာ ၃၇၈၉၀၀ ကျပ်ဖြစ်သည်။ ပဲလွမ်းဖြူ ၃ တင်း/ ၆၀ ပိဿာ လျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၈၇၄၀၀ ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်းမှာ ၂၈၉၉၅၀ ကျပ်ဖြစ်သည်။ ကုလားပဲမှာ ပြည်တွင်း ပြည်ပမှ ဝယ်လိုအားနည်းခြင်းကြောင့် ယခင်အပတ်ထက်ဈေးနိမ့်ခဲ့သည်။ ကုလားပဲခြမ်း တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၆၉၁၃ ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်းမှာ ၆၇၅၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်လာခဲ့သည်။ ပဲပုပ်ပဲမှာ ပြည်တွင်းသုံးစွဲရန် ဝယ်ယူမှု များခြင်း ကြောင့် ယခင်အပတ်ထက်ဈေးမြင့်လာခဲ့သည်။ ပဲပုပ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ် ပျမ်းမျှ ဈေးနှုန်းမှာ ၃၉၅၁၀၀ ကျပ်ဖြစ်ပြီး ယခု အပတ်ဈေးနှုန်းမှာ ၄၀၉၉၅၀ သို့ ရောက်ရှိဈေးမြင့် ခဲ့သည်။

## စားသုံးဆီ

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သောနိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက် ဈေးနှုန်းများအပေါ် အခြေခံ၍ စားအုန်းဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၉ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၆၆၀၅ ကျပ်ဖြစ်သည်။ ယခင်အပတ်ဈေးနှုန်းမှာ ၆၄၉၀ ကျပ်ဖြစ်သည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်း ဈေးနှုန်းထက်များစွာ မကွာသောဈေးနှုန်းများဖြင့် စားအုန်းဆီများအား ရောင်းချပေးမှုပမာဏ မှာလည်း ယခင်ကာလများထက် လျော့နည်းလာကြောင်းသိရသည်။ မေလစတုတ္ထပတ်မှ စတင်ကာ စားအုန်းဆီရည်ညွှန်းဈေးနှုန်းများ တဖြည်းဖြည်းမြင့်တက်လာခြင်းဖြစ်သည်။ပြင်ပရှိ လက်လီ ဈေးကွက်တွင် စားအုန်းဆီ တစ်ပိဿာလျှင် ၁၅၀၀၀ ကျပ်ဝန်းကျင်ရှိကြောင်းသိရသည်။

အေးသန္တာဝင်း




## ဆန်

မြို့တွင်းစားသုံးမှုသာရှိခြင်း၊ နယ်ဝေး တင်ပို့ရမှု မရှိခြင်းကြောင့် လက်ကျန်နည်းသော်လည်း ရွှေဘိုပေါ်ဆန်းတစ်အိတ် ၁၃၀၀၀၀ကျပ်၊ ရန်ကုန်ပေါ်ဆန်းတစ်အိတ် ၁၄၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။မနောသုခဆန်မှာ လက်ကျန်နည်းသွားခြင်း၊ လူလတ်တန်းစား အများသုံးဆန်ဖြစ်ခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ တစ်အိတ် ၉၀၀၀၀ကျပ်မှ ၉၆၀၀၀ ကျပ် ဖြင့် ရောင်းဝယ်မှုရှိသည်။ငစိန်ဆန်မှာ မိုးစပါးစိုက်ထားဆဲဖြစ်ခြင်း၊ အဝင်နည်းခြင်း၊ မုန့်လုပ်ငန်းရှင်များ အဝယ်များခြင်းကြောင့် ယခင်အပတ် တစ်အိတ် ၇၈၀၀၀ကျပ်မှ ယခုအပတ် ၈၂၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ဇီယာ မျိုးနွယ်ဝင်ဆန်များ ပြည်ပတင်ပို့မှုရှိခြင်း၊ တောင်သူထံ လက်ကျန်နည်း၍ ပင်ရင်းဈေးမြင့်ခြင်းကြောင့် အရောင်းအဝယ် အေးသော်လည်း အဟောင်းနှစ်သက်သူ များသဖြင့် အဟောင်းတစ်အိတ် ၉၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ရောမင်းဆန်မှာ အဝင်ပုံမှန်၊ မြို့တွင်းသုံးပုံမှန်ရှိခြင်း၊ မန္တလေး ဝန်းကျင်မှ လာရောက်ဝယ်ယူမှု နည်းခြင်း၊ မိုးများသဖြင့် အရောင်း အဝယ် အေးခြင်းတို့ကြောင့် တစ်အိတ် ၁၃၅၀၀၀ကျပ်ဖြင့် ဈေးငြိမ် နေသည်။

## ဆီထွက်သီးနှံ

မြေပဲ (လုံးဆန်) ဈေးနှုန်းမှာ မိုးမြေပဲဝင်ချိန်နီး၍ လှောင်သမား ထုတ်ရောင်းမှုရှိခြင်းကြောင့် လုပ်ငန်းသုံး အဝယ်ပုံမှန်ရှိသော်လည်း အရည်အ သွေးအကောင်းဆုံး ၁၀၀ပိဿာ ၉၄၀၀၀၀ကျပ်မှ ၉၃၀၀၀၀ကျပ် သို့ ဈေးမသိမသာနိမ့်သွားသည်။ မြေပဲ(ဆီဆန်)မှာ အသစ်ဝင်ရောက်မှုရှိသော်လည်း ဆီစက်သမား အဝယ်များခြင်းကြောင့် ၁၀၀ပိဿာ ၈၃၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

နှမ်းမျိုးစုံတို့အနက် နှမ်းဖြူမှာ အသစ်ဝင်ရောက်မှုရှိခြင်း၊ တရုတ်ဝယ်လက်နှင့် လှောင်သမား အဝယ်နည်းခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ၄၅၀၀၀၀ကျပ်မှ ၃၈၀၀၀၀ကျပ်သို့ လည်းကောင်း၊ အရည်အသွေးအညံ့ဆုံး ၄၃၀၀၀၀ကျပ်မှ ၃၇၀၀၀၀ကျပ်သို့ အသီးသီး ဈေးနိမ့် သွားသည်။ နှမ်းညိုဈေးနှုန်းမှာ အသစ်အဝင်များခြင်း၊ ဆီစက်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ၃၃၀၀၀၀ကျပ်မှ ၃၁၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ နှမ်းနက်(စမုံ)မှာ တရုတ်ဝယ်လက်နည်းခြင်း၊ အသစ်ဝင်ချိန်နီးခြင်း၊ လှောင်သမား ထုတ်ရောင်းမှုရှိခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ၄၅ပိဿာ ယခင်အပတ် ၆၇၀၀၀၀ကျပ်မှ ၆၁၀၀၀၀ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။ ပန်းနှမ်းဈေးနှုန်းအနေဖြင့် ပစ္စည်းရှား အရောင်းအဝယ်အေးခြင်း စတင်စိုက်ပျိုးရန် ပြင်ဆင်ချိန် ဖြစ်ခြင်းတို့ကြောင့် ၃တင်းတစ်အိတ် ၂၇၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

နေကြာဈေးနှုန်းမှာ ရာသီဥတုနှင့် လမ်းပမ်းဆက်သွယ်ရေးကြောင့် မိုးနေကြာမဝင်သေးခြင်း၊ ဆီစက်သမား အဝယ်ပုံမှန်ရှိခြင်း၊ လက်ကျန်နည်းခြင်းကြောင့် ၂၇ပိဿာ ၂၁၅၀၀၀ကျပ်မှ ၂၃၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

ဆီဈေးနှုန်းများအနေဖြင့် မြေပဲ(ဆီဆန်) ဈေးမသိမသာနိမ့်ခြင်းကြောင့် ပဲဆီတစ်ပိဿာ ၁၉၀၀၀ကျပ်မှ ၁၇၀၀၀ကျပ်သို့ ဈေးနိမ့်သွားပြီး နှမ်းဆီတစ်ပိဿာ ၁၆၀၀၀ကျပ်၊ ပဲပုတ်ဆီ ၁၂၀၀၀ကျပ်၊ ပန်းနှမ်းဆီ ၁၅၀၀၀ ကျပ်သို့ ဈေးအသီးသီးဖြင့် ရောင်းဝယ်မှုရှိသည်။

## စားဖိုဆောင်သီးနှံ

ငရုတ်ခြောက် (ရှည်)မှာ မန္တလေးတိုင်းမြို့နယ်များ ရွှေဘို၊ မြင်းမူ တို့မှ ဝင်ရောက်ပြီး တစ်ပိဿာ ၁၀၀၀၀ကျပ်၊ ငရုတ်ခြောက် (လတ်) တစ်ပိဿာ ၈၀၀၀ကျပ်နှင့် ရောဝတီတိုင်း (ပန်းတနော်)မှ ငရုတ်ခြောက် (ပွ) ) Air con သီး တစ်ပိဿာ ၂၃၀၀၀ကျပ်၊ ပုလိပ်ပွ တစ်ပိဿာ ၁၉၀၀၀ကျပ်ဖြင့် မြို့တွင်းသုံးနှင့် မန္တလေးဝန်းကျင်မြို့များမှ ဝယ်ယူမှုရှိသည်။ ကြက်သွန်နီ ဈေးနှုန်းမှာ နယ်စုံလက်ကျန်အဟောင်းများသာ ထုတ်ရောင်းမှုရှိပြီး မြို့တွင်းစားသုံးမှုသာ ရှိခြင်းကြောင့် ကြီးတစ်ပိဿာ ၂၂၀၀ကျပ်၊ လတ်တစ်ပိဿာ ၁၉၀၀ကျပ်၊ သေးတစ်ပိဿာ ၁၆၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ကြက်သွန်ဖြူ(တရုတ်)မှာ လမ်းပမ်းဆက်သွယ်ရေးကြောင့် အဝင်နည်းသော်လည်း နယ်ဝေး တင်ပို့ရမှုမရှိဘဲ မြို့တွင်းသုံးသာရှိခြင်းကြောင့် တစ်ပိဿာ ၁၈၀၀၀ကျပ်မှ ၁၇၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ ကြက်သွန်ဖြူ(ရှမ်း)မှာ အဝင်ပုံမှန်၊ စားသုံးမှု ပုံမှန်ရှိခြင်းကြောင့် အရည်အသွေး အကောင်းဆုံး တစ်ပိဿာ ၁၂၀၀၀ကျပ်၊ အညံ့ဆုံး ၉၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

အာလူးဈေးနှုန်းမှာ တရုတ်အာလူးများ ဝင်ရောက်မှုရှိပြီး တစ်ပိဿာ ၅၅၀၀ကျပ်၊ အောင်ပန်း အာလူး အိုကေတစ်ပိဿာ ၄၅၀၀ကျပ်၊ အေဝမ်း ၃၃၀၀ကျပ်ဖြင့် ရောင်းဝယ်နေသည်။

ချင်းဈေးနှုန်းမှာ ဥမများသာ ဝင်ရောက်ခြင်း၊ ချင်းသစ်ဖော်ချိန်ဖြစ်၍ အဝင်များခြင်းကြောင့် တစ်ပိဿာ ၃၅၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## ပဲမျိုးစုံ

မတ်ပဲဈေးနှုန်းအနေဖြင့် လက်ကျန်နည်း၊ ပစ္စည်းရှားခြင်းရှိသော်လည်း ပဲခွဲစက်နှင့် ရန်ကုန်ဝယ်လက်အဝယ်နည်းခြင်း၊ လှောင်သမား ထုတ်ရောင်းမှုရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၃၈၅၀၀၀ကျပ်မှ ၃၇၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ပဲတီစိမ်း(အညာ)မှာ မိုးပဲဝင်ချိန်နီးခြင်း၊ တရုတ်ဝယ်လက်နည်းခြင်း၊ ပဲခွဲစက်များ ဝယ်ယူမှု နည်းခြင်းကြောင့် ၃တင်းတစ်အိတ် အရည်အသွေး အကောင်းဆုံး ၂၅၀၀၀၀ကျပ်မှ ၂၄၅၀၀၀ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။

ပဲစဉ်းငုံ(ဖြူ/နီ)တို့မှာ လက်ကျန်နည်းခြင်း၊ ပစ္စည်းရှားခြင်း၊ အရောင်းအဝယ်အေးခြင်းကြောင့် ဩဂုတ်လဈေးနှုန်းအတိုင်း ပဲစဉ်းငုံ(ဖြူ) ၃တင်းတစ်အိတ် ၄၃၅၀၀၀ကျပ်၊ ပဲစဉ်းငုံ(နီ) တစ်အိတ် ၄၆၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ကုလားပဲ(လုံးဖြူကြီးV2)မှာ လက်ကျန်နည်း၊ ပစ္စည်းရှားခြင်းကြောင့် လုပ်ငန်းသမားအဝယ် နည်းသော်လည်း ၃တင်းတစ်အိတ် ၃၀၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး လုံးဝါကြီး(ထိုင်ဝမ်) မှာလည်း ပဲစိုများပေါ်ချိန်ဖြစ်၍ ခွဲခြမ်းအတွက် စက်သမား အဝယ်နည်းခြင်းကြောင့် ၃တင်းတစ်အိတ် ၂၇၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ခွဲခြမ်းမှာ မြို့တွင်းသုံးဝယ်ယူမှု နည်းခြင်းကြောင့် တစ်ပိဿာ ၇၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲပုတ်(ဗမာ)မှာ မိုးပဲဝင်ချိန်ဖြစ်သော်လည်း မဝင်သေးခြင်း၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်း ကြောင့် ၃တင်းတစ်အိတ် ၃၇၀၀၀၀ကျပ်မှ ၃၈၀၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး ပဲပုတ်(ရှမ်း)မှာ ဆီစက်သမား အဝယ်ပုံမှန်ရှိခြင်း၊ လမ်းပမ်းဆက်သွယ်ရေးကြောင့် အသစ်မဝင်သေးခြင်းတို့ကြောင့် ၃တင်းတစ်အိတ် ၃၈၀၀၀၀ကျပ်မှ ၄၀၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

ပဲယင်း၊ မြေထောက်ပဲ၊ စားတော်ပဲ(ကျွန်း) တို့မှာလည်း ပစ္စည်းရှားသော်လည်း အရောင်းအဝယ်အေးခြင်းကြောင့် ပဲယင်းတစ်အိတ် ၁၈၈၀၀၀ ကျပ်မှ ၁၈၇၀၀၀ကျပ်၊ မြေထောက်ပဲ ၃၈၀၀၀၀ကျပ်မှ ၃၇၀၀၀၀ကျပ်၊ စားတော်ပဲ(ကျွန်း) ၄၂၀၀၀၀ကျပ်မှ ၄၀၀၀၀၀ကျပ်သို့ ဈေးအသီးသီး နိမ့်သွားသည်။

ပဲကြီး(ကြီး)မှာ မိုးပဲမဝင်သေးသော်လည်း လုပ်ငန်းသမားအဝယ်နည်းပြီး အရောင်းအဝယ် အေးခြင်းကြောင့် ၃တင်းတစ်အိတ် ၃၁၀၀၀၀ကျပ်မှ ၃၀၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ ပဲကြီး(သေး) မှာ လက်လီသမားနှင့် ပဲလှော်လုပ်ငန်းသမားအဝယ်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၂၂၀၀၀၀ကျပ်မှ ၂၄၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ထောပတ်ပဲ(ကြီး)မှာ ပစ္စည်းရှားခြင်း၊ အသစ် မဝင်သေးခြင်းကြောင့် ၃တင်းတစ်အိတ် ၄၀၀၀၀၀ကျပ်မှ ၄၂၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

## ဂျုံနှင့် အစေ့ထုတ်ပြောင်း

ဂျုံလက်ကျန်နည်း ပစ္စည်းရှားသော်လည်း နယ်ဝေးတင်ပို့ရမှုမရှိခြင်း၊ မြို့တွင်းဂျုံစက်များ အဝယ်နည်း ခြင်းကြောင့် ငါန်ဇွန်၊ မြင်းမူ၊ မြောင်၊ ဆားတောင်၊ ဘုတလင်၊ မုံရွာ ဂျုံများ ၃တင်းတစ်အိတ် ၂၃၀၀၀၀ကျပ်မှ ၂၂၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားပြီး ရှမ်းဂျုံမှာ အသစ်ဝင်ရောက်သော်လည်း လမ်းပန်းဆက်သွယ်ရေးကြောင့် အဝင်နည်းပြီး ၁၉၀၀၀၀ကျပ်မှ ၁၉၈၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ အစေ့ထုတ်ပြောင်း အသစ်ဝင်ရောက်သော်လည်း အဝင်နည်းခြင်း၊ အစာစပ်သမားပုံမှန်ဝယ်ယူမှုရှိခြင်း ကြောင့် ၃တင်းတစ်

စာ-၁၁ သို့

ကြေးမုံငယ်

# သဘာဝကပေးအစာနှင့်ဆေး ဒရင်ကောက်ပင်

ဒရင်ကောက်ပင်ဟု လူသိများကြသည့် ကျောက်ခက်ပင်ကို ကောက်ကောက်ပင်၊ ကြို့တကောက်ပင်ဟုလည်း ခေါ်ဆိုကြပြီး ယင်းတွင် စားသုံး၍ရသော မျိုးစိတ်နှင့် စားသုံးရန်မသင့်သည့် မျိုးဟူပြီး နှစ်မျိုးရှိ၏။ ယခုရေးသားသည့် အမျိုးအစားမှာ စားသုံးရန်သင့်သည့် မျိုးစိတ်ဖြစ်ပြီး ယင်း၏ အင်္ဂလိပ်အမည်မှာ Vegetable Fern နှင့် Fiddlehead Ferns ဟု ခေါ်၏။ ရုက္ခဗေဒအမည်မှာ Diplazium esculentum (Retz.) Sw. ဟုခေါ်ဆိုပြီး မျိုးရင်း Athyriaceae တွင်ပါဝင်၏။ ယင်းအပင်သည် အာရှတိုက်နှင့် ကျွန်းနိုင်ငံများတွင် အဓိကပေါက်ရောက်လေ့ရှိ၏။

ဒရင်ကောက်ပင်သည် ကမ္ဘာအနှံ့နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ မလေးရှား၊ နယူးဂီနီ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်ဝမ်၊ ထိုင်း၊ မြန်မာ၊ ဗီယက်နမ်နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့တွင်လည်း ပေါက်ရောက်ကြ၏။

ဒရင်ကောက်ပင်သည် ပန်းပွင့်လေ့မရှိသော အပင်မျိုးဖြစ်ပြီး ငှက်မွေးသဏ္ဌာန်အရွက်များရှိသည့် ကျောက်ခက် ပင်မျိုး ဖြစ်၏။ ယင်းသည် တောတောင်များအကြား၊ အေးမြစိုစွတ်သော စိမ့်စမ်းများ၊ တောင်ကြားများတို့တွင် အလေ့ကျပေါက်ရောက်လေ့ရှိ၏။ ဒရင်ကောက်ပင်သည် နှစ်ရှည်ခံအပင်မျိုးဖြစ်ပြီး ယင်းတွင် ထောင်မတ်သော မြေအောက်ပင်စည်ရှိ၏။

ဒရင်ကောက်ညွန့်တစ်ပန်းကန်လုံးတွင် အစာစွမ်းအင် ၄၆ ကယ်လိုရီ၊ အမျှင်ဓာတ်၊ ပရိုတင်း၊ ဗီတာမင်စီ၊ ပိုတက်စီယမ်၊ ဆိုဒီယမ်၊ ကယ်လ်စီယမ်၊ အိုင်းယွန်း၊ မဂ္ဂနီစီယမ်၊ ဖော့စ်ဖရပ်စ်တို့ ကြွယ်ဝစွာပါဝင်၏။ ဒရင်ကောက်ပင်သည် ကိုယ်တွင်းရောင်ရမ်းနာကို သက်သာနိုင်စွမ်း၊ ကင်ဆာရောဂါဖြစ်နိုင်ချေကို ဟန့်တားနိုင်စွမ်း၊ ဆီးချိုရောဂါ ဖြစ်ပွားနိုင်မှုကို တိုက်ဖျက်နိုင်စွမ်း၊ ဘက်တီးရီးယားပိုးများ ကို သေစေနိုင်စွမ်း၊ အရွယ်တင်နုပျိုနိုင်စွမ်းတို့ရှိ၏။



ဒရင်ကောက်ပင်ကို ဆီးချိုရောဂါ၊ ရေကျောက်ပေါက်ခြင်း၊ ပန်းနာရင်ကြပ်ဖြစ်ခြင်း၊ ဝမ်းပျက်ဝမ်းလျှော ဖြစ်ခြင်း၊ ဒူလာပါဒရက်ရောဂါ၊ ဝမ်းကိုက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ဖျားနာခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ ဝက်သက်ပေါက်ခြင်း၊ သွေးဖိအားတိုးခြင်း၊ ဝမ်းချုပ်ခြင်း၊ သုတ်ပိုးအရေအတွက်နည်းခြင်း၊ အရိုးပွခြင်း၊ လင့်ကြိတ်ရည်များရောင်ရမ်းခြင်း၊ အရေပြားနှင့်ဆက်စပ်ရောဂါများအတွက် ဆေးဝါးအဖြစ် အသုံးပြုကြ၏။

- အရိုးအက်ပါက ဒရင်ကောက်ညွန့်ကို အနှစ်ဖြစ်အောင် ပြုလုပ်ပြီး ဒဏ်ရာပေါ်တွင်အုံကာ စည်းနှောင်ထားပေးခြင်းဖြင့် ဝေဒနာကို အမြန်ဆုံးသက်သာစေနိုင်၏။
- ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကြွယ်ဝစွာပါဝင်သည့် ဒရင်ကောက်ညွန့်သည် ငါးကို စားသုံးခြင်းမပြုသူများ အတွက် အကောင်းဆုံးသော အိုမီဂါ သရီးဖက်တီးအက်စစ်ကို ဖြည့်ဆည်းပေးနိုင်စွမ်းရှိသည့်အတွက် စားသုံးပေးသင့်၏။
- ပိုတက်စီယမ်ဓာတ်ကြွယ်ဝစွာပါဝင်သည့် ဒရင်ကောက်ညွန့်သည် သွေးဖိအားကို ပုံမှန်ဖြစ်စေရန် အထောက် အကူကောင်းဖြစ်စေ၏။
- ဗီတာမင်စီကြွယ်ဝစွာပါဝင်ခြင်းကြောင့် ကိုယ်ခံစွမ်းအားစနစ်ကို ပိုမိုကြံ့ခိုင်အားကောင်းစေ၏။
- အမျှင်ဓာတ်ကြွယ်ဝစွာ ပါဝင်သည့် ဒရင်ကောက်ညွန့်အနုလေးများကို ပြုတ်ပြီး ဆား၊ အရသာမှုန့်မထည့်ဘဲ ထမင်းနဲ့အတူ အနည်းဆုံး ရက်သတ္တတစ်ပတ်မှသည် ၁၀ ခန့်ပုံမှန်စားသုံးပေးခြင်းဖြင့် ဆီးချိုရောဂါရှိသူများ အတွက် ဆီးချိုတက်ခြင်းကို ထိန်းထားပေးနိုင်သည်ဆို၏။
- အမျှင်ဓာတ်ကြွယ်ဝခြင်းကြောင့် အဆာခံနိုင်ပြီး ကိုယ်အလေးချိန်ကို ထိန်းပေးထားနိုင်၏။ ကိုယ်အလေးချိန် လျှော့ချလိုသူများအတွက် စားသုံးသင့်သည့် အစားအစာတစ်မျိုးဖြစ်၏။ ဝမ်းချုပ်ခြင်းမှကင်းဝေးပြီး အစာအိမ်နှင့် အူလမ်းကြောင်းကို ကျန်းမာစေခြင်း၊ သွေးအတွင်းရှိ မကောင်းသော ကိုလက်စထရောများကို ကျဆင်းစေနိုင်၏။ Fiddlehead Ferns
- မဂ္ဂနီစီယမ်ဓာတ်သည် လူသားတို့ ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်ကို ထိန်းပေးနိုင်စွမ်း၊ သွေးအတွင်းရှိ သကြားဓာတ်ပါဝင်မှုကို ထိန်းညှိပေးနိုင်စွမ်းနှင့် သိုင်းရွိုက်ဂလင်း၏ လုပ်ဆောင်မှုများကို ထိန်းညှိပေးနိုင်စွမ်းတို့ ရှိ၏။ ဒရင်ကောက်ညွန့်တွင် မဂ္ဂနီစီယမ်ဓာတ်ကြွယ်ဝစွာပါဝင်ခြင်းကြောင့် ပုံမှန်စားသုံးပေးခြင်းဖြင့် အထက်ပါ ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။
- ဝမ်းကိုက်ဝေဒနာခံစားရပါက ဒရင်ကောက်ပင်၏အမြစ်ကြိတ်ရည်ကို သောက်သုံးပေးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။
- ဒရင်ကောက်ပင်၏အမြစ်ကြိတ်ရည်ကို သံကျဆေးအဖြစ် အသုံးပြုကြ၏။
- ရေကျောက်ပေါက်ပါက ဒရင်ကောက်ပင်၏အမြစ်ကို ကြိတ်ပြီး ရရှိလာသည့်အနှစ်ကို အုံပေးခြင်းဖြင့် ဝေဒနာကို သက်သာစေရန် အသုံးပြုကြ၏။

ဒရင်ကောက်ပင်၏ထိပ်ပိုင်းရှိ ခရုပတ်ပုံလေးရစ်ဝိုင်းကာ ရှိနေသည့်အညွန့်လေးကို ခူးဆွတ်ကာ ဟင်းသီးဟင်းရွက်အဖြစ် ချက်ပြုတ်ပြင်ဆင် စားသုံးကြ၏။

- ဒရင်ကောက်ညွန့်နုနုလေးများကို ရေနွေးဖျောပြီး ငါးပိရည်ကျို၊ ငါးပိထောင်း၊ ငါးပိသုပ်၊ ခရမ်းချဉ်သီးထောင်း၊ ခရမ်းချဉ်သီးပန်ထွေဖျော်၊ ငရုတ်သီးထောင်း၊ ငပိချက် အစရှိသည်တို့နှင့် တွဲဖက်ကာ တို့စရာအဖြစ် စားသုံးတတ်ကြ၏။ အနည်းငယ်ချွဲကျိကျိလေးနှင့် ဝါးလို့ကောင်းလှ၏။
- ရေနွေးဖျောပြီးသားဒရင်ကောက်ညွန့်လေးများကို နှစ်သက်သလိုလှီးဖြတ်ပြီးနောက် ကြက်သွန်နီပါးပါးလှီး၊ မြေပဲလှော်၊ နှမ်းလှော်ထောင်း၊ ပဲကျက်မှုန့်၊ ငရုတ်သီးစိမ်းပါးပါးလှီး၊ ပုစွန်ခြောက်မှုန့်၊ သံပရာရည်ညှစ်ပြီး နှံ့အောင်နယ်ပြီး သုပ်စားလျှင်လည်း အလွန်ပင် ခံတွင်းမြိန်စေသည့် အသုပ်လေးတစ်ပွဲရ၏။
- ဒရင်ကောက်ညွန့်အနုလေးများကို သန့်စင်အောင်ရေဆေးပြီးနောက် ကြက်သွန်ဖြူ၊ နီ၊ ငရုတ်သီးစိမ်းတို့ကို မညက်တညက်ထောင်းပြီး ဟင်းခတ်အဖြစ် နှစ်သက်ရာ ပုစွန်/ပုစွန်ခြောက်၊ ငါး/ငါးခြောက်၊ ငါးပိစိမ်းစား အနည်းငယ်၊ ဆား၊ နနွင်းမှုန့်၊ အရသာမှုန့်အနည်းငယ်ခပ်ပြီး အိုးတစ်လုံးထဲထည့်၊ အားလုံးသမအောင် ရောနယ်ပြီး အိုးအဖုံးအုပ်ပြီးတည်ပါ။ ဟင်းရွက်

စာ-၁၅ သို့



ကျောဖုံးမှ

ကျော်ရှိပြီး ရေရှည်သီးနှံစိုက်ပျိုးမှုအတွက် အဟန့်အတားတစ်ခု ဖြစ်လာခဲ့ပါသည်။

ထို့ကြောင့် မြေဆီလွှာတိုက်စားခြင်းကို လျော့နည်းသက်သာစေရန်၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရန်ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အပူချိန် လွန်ကဲခြင်းနှင့် ရေရှားပါးသည့်ဒေသများတွင် ပိုလျှံနေသောမိုးရေများအား စုဆောင်းရန်အတွက် တောင်သူများအနေဖြင့် မိမိတို့ဒေသနှင့်ကိုက်ညီသည့် မြေဆီလွှာနှင့် ရေထိန်းသိမ်းရေးလုပ်ငန်းများ အား ဆောင်ရွက်ရန်လိုအပ်လာပါသည်။

မြေဆီလွှာထိန်းသိမ်းရေးဆိုသည်မှာ မြေဆီဩဇာထိန်းသိမ်းရန်အတွက် ဒေသနှင့်ကိုက်ညီသည့် မြေဆီလွှာနှင့် ရေထိန်းသိမ်းရေးလုပ်ရှားမှုများကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။ မြေဆီလွှာ ထိန်းသိမ်းခြင်းအားဖြင့် မြေတိုက်စားခြင်းကို ကာကွယ်လျော့ချနိုင်ခြင်း၊ စီးဆင်းရေနှင့် ယင်းရေ၏အရှိန်ကို ထိန်းချုပ်နိုင်ခြင်း၊ မြေကြပ်ခြင်းအားလျော့ချနိုင်ပြီး မြေဆီလွှာအာဟာရဓာတ်များတိုးတက်ကောင်းမွန်လာစေပြီး ပိုလျှံ နေသောရေများအား စုဆောင်းနိုင်မည်ဖြစ်ပါသည်။

လက်ရှိစိုက်ပျိုးရေးဦးစီးဌာနတွင် ဆောင်ရွက်လျက်ရှိသည့် မြေဆီလွှာနှင့် ရေထိန်းသိမ်းရေး နည်းလမ်းများမှ ရုပ်ဝတ္ထုများတည်ဆောက်၍ မြေဆီလွှာထိန်းသိမ်းခြင်း၊ သက်ရှိများဖြင့် မြေဆီလွှာ ထိန်းသိမ်းခြင်းနှင့် စိုက်ပျိုးနည်းစနစ်များဖြင့် မြေဆီလွှာထိန်းသိမ်းခြင်းတို့ဖြစ်ပါသည်။ ရုပ်ဝတ္ထုများတည်ဆောက်၍ မြေဆီလွှာ ထိန်း သိမ်း ခြင်း ဆို သ ည် မှာ ကျောက်သားမြေသားကန်သင်းများ တည် ဆောက်ခြင်း၊ နုံးတားဆည်များတည်ဆောက်ခြင်း၊ ရေကျော်ကျောက်တန်း၊ ရေထိန်းဆည်များ တည် ဆောက်ခြင်း၊ စိုက်ကျင်းများတူး၍စိုက်ပျိုးခြင်း၊ ကွန်တိုအလိုက်စိုက်ပျိုးခြင်း၊ ရေစုကျင်းနှင့် ရေစုကန်များ တည် ဆောက်ခြင်းနှင့် သစ်တော/နှစ်ရှည်ပင်များစိုက်ပျိုးရန် စိုက်ကျင်းများတူးခြင်း ဖြစ်ပါသည်။ သက်ရှိများဖြင့်မြေဆီလွှာထိန်းသိမ်းခြင်းတွင် မြေဖုံးပင်များစိုက်ပျိုးခြင်း၊ မြက်ရိုးတန်းများ စိုက်ပျိုးခြင်း၊ လေကာပင်များ၊ စည်ရိုးတန်းပင်များစိုက်ပျိုးခြင်း၊ သစ်စိမ်းမြေဩဇာထည့်သွင်း ခြင်းနှင့် သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်းတို့ဖြစ်ပါသည်။ သီးနှံစိုက်ပျိုးနည်းစနစ်များဖြင့် မြေဆီလွှာထိန်းသိမ်းခြင်းဆိုသည်မှာ သီးနှံများကိုရောနှောစိုက်ပျိုးခြင်း၊ သီးလှည့်စိုက်ခြင်း၊ အကန့်လိုက်စိုက် ခြင်း၊ ပဲမျိုးရင်းဝင်အပင်များထည့်သွင်းစိုက်ပျိုးခြင်း၊ မြေလှုပ်ခြင်း၊ ထယ်ရေးမဲ့စိုက်ပျိုးခြင်း၊ သီးနှံပင် အကြွင်းအကျန်များဖြင့် မြေဖုံးအုပ်ခြင်းနှင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းတို့ဖြစ်ပါသည်။













ထို့ပြင် မိုးခေါင်ရေရှားသည့်အပူပိုင်းဒေသများတွင် မိုးရွာသွန်းပြီးနောက် မြေမျက်နှာပြင် ပေါ်တွင်စီးဆင်းလာသည့်ရေများကို စိုက်ပျိုးရေး လုပ်ငန်းများတွင်အသုံးပြုရန် ရည်ရွယ်၍ စုဆောင်းခြင်းနှင့် သိုလှောင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်လိုအပ်လာပါသည်။ ပိုလျှံနေသော မိုးရေနှင့် အရှိန်ဖြင့်စီးဆင်းလာသည့် ရေစီးအား ဖမ်းယူသိုလှောင်ခြင်းသည် မြေတိုက်စားခြင်းကို သက်သာစေရုံသာမက စိမ့်ဆင်းရေးကို များစေပါသည်။ ထို့ကြောင့် မိုးရေကို အသုံးချသည့် အစီအစဉ်များတွင် ရေနှင့် မြေဆီလွှာ ထိန်းသိမ်းခြင်းအား တစ်ပါတည်း ဆောင်ရွက်ရန် လိုအပ်ပါသည်။ တောင်သူများအနေဖြင့်လည်း မိမိတို့စိုက်ပျိုးမြေများ ဆုံးရှုံးမှုမှကာကွယ်ရန်အတွက် မိမိတို့ဒေသနှင့် ကိုက်ညီသည့် မြေဆီလွှာနှင့်ရေထိန်းသိမ်းရေးစနစ်များကို လုပ်ကိုင်ကြရန်လိုအပ်လာပါသည်။

ထို့ပြင် စိုက်ပျိုးလုပ်ကိုင်သည့် တောင်သူများ၏ မြေတိုက်စားခြင်းကိုကာကွယ်လိုသည့် စိတ်အားထက်သန်မှုနှင့်လက်ခံမှု၊ အနီးဝန်းကျင်ရှိ တောင်သူများ၏ ပူးပေါင်းဆောင်ရွက်လိုမှု၊ ငွေကြေး အထောက်အပံ့နှင့် အဆိုပါလုပ်ငန်းများကို ရေရှည်ထိန်းသိမ်းလိုသော ဆန္ဒသဘောထားများသည် မြေဆီလွှာထိန်းသိမ်းရေးတွင် အလွန်အရေးကြီးသည့်အတွက် တောင်သူများအနေဖြင့် စိုက်ပျိုးသီးနှံများပိုမိုထုတ်လုပ်နိုင်ရန်နှင့် ပြန် လည် အ စား ထိုး မ ရ နိုင် သ ည့် သဘာဝအရင်းအမြစ် မြေဆီလွှာအား တန်ဖိုးထား ထိန်းသိမ်းပေးကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်ရှင့်။

မြင့်မြင့်ထွန်း
(မြေအသုံးချရေးဌာနခွဲ)

စာ-၁၄ မှ

လေးများနွမ်းလာသောအခါ အဖုံးဖွင့် မန်ကျည်းနှစ်ပျစ်ပျစ်ဖျော် ပြီးထည့်၊ ရေနွေးအနည်းငယ်ထည့်ကာ သမအောင်မွှေပြီး ပွက်ပွက်ဆူအောင်တည်ပါ။ ချဉ်ငံစပ်အရသာလေးနှင့် ထမင်းမြိန်စေမည့် ကောက်ကောက်ညွန့်စပ်ချဉ်ချက်လေး ရ၏။ အရန်ဟင်းဖြစ်သော်လည်း အသားဟင်းနှင့် မလဲနိုင်ပေ။

- သန့်စင်ပြီးသား ဒရင်ကောက်ညွန့်နုလေးများကို ကြက်သွန်ဖြူခေါးပြားရိုက် ဆီသတ်၊ ပုစွန်ခြောက် မညက်တညက်ထောင်း/ပုစွန်အစိုဆီသတ်၊ မွှေးလာပြီဆိုလျှင် ခရမ်းချဉ်သီးအနည်းငယ်ထည့်မွှေ၊ ပြီးလျှင် ဒရင်ကောက်ညွန့်လေးများထည့်၊ ဆား၊ ဟင်းခတ်မှုန့်၊ ခရုဆီလေးအနည်းငယ်ထည့်ပြီး သမအောင်မွှေကြော် ပြီးလျှင် အလွန်အရသာရှိသော ဒရင်ကောက်ညွန့်ကြော်လေး ရ၏။ ရိုးရှင်းပြီး အရသာရှိကာ ထမင်းမြိန်စေ၏။

- ကြက်ရိုးပြုတ်၊ ငါးဟင်းခါးရည်တို့ထဲတွင်လည်း ကောက်ကောက်ညွန့်ကို ခပ်ပြီး အရည်သောက်ဟင်း ချက်စားလျှင်လည်း ကောင်း၏။

ရာသီချိန်ခါနှင့်အညီ သဘာဝတရားမှပေးသည့် လက်ဆောင်မွန် ဒရင်ကောက်ပင်မှ ရရှိသည့် အစိတ်အပိုင်း များကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်း ဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။

ကြေးမုံငယ်



## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်အတွက်

# မြေဆီလွှာနှင့်ရေထိန်းသိမ်းရေးနည်းလမ်းများ

မြေဆီလွှာသည် အစားထိုးမရသည့် သဘာဝအရင်းအမြစ်ဖြစ်ပြီး သီးနှံပင်များ ရှင်သန် ပေါက်ရောက်နိုင်ရန် သတ္တုဓာတ်၊ သစ်ဆွေးဓာတ်နှင့် ရေပေါက် လေပေါက်တို့ဖြင့် အချိုးကျဖွဲ့စည်းထားသည့် အပေါ်ယံဆုံးအလွှာတစ်ခုဖြစ်ပါသည်။ ယင်းမြေဆီလွှာဖြစ်ပေါ်လာမှုကို ရာသီဥတု (အပူချိန်၊ မိုးရေချိန်)၊ သက်ရှိများ/ သဘာဝပေါက်ပင်များနှင့် မြေမျက်နှာသွင်ပြင်အနေအထား၊ မိခင်ကျောက်သားနှင့် အချိန်တို့က လွှမ်းမိုးမှုရှိပါသည်။ မြေဆီလွှာသည် အပင်များကြီးထွား ကုတ် တွယ်နိုင်ရန်၊ မြေတွင်းသက်ရှိများအတွက် ခိုအောင်းရာရန်နေရာ၊ အပင်၊ အပင်အာဟာရနှင့် သက်ရှိ စွန့်ပစ်ပစ္စည်းများ၊ အဆိပ်အတောက်ရှိပစ္စည်းများအား ဆွေးမြေ့ပြီး အပင်အာဟာရဓာတ်ပြန်လည် ရရှိစေခြင်း၊ မြေအောက်ရေကို ထိန်းထားနိုင်ပြီးရေသန့်စင်ခြင်းနှင့်လေထုအတွင်းဓာတ်ငွေ့များ ဖလှယ်ခြင်းဖြင့် လေထုအခြေအနေကိုထိန်းညှိပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၁၉ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ထုတ်ပြန်ချက်အရမြေဆီလွှာ ၁ လက်မဖြစ်ပေါ်လာရန်အတွက် နှစ်ပေါင်း ၁၀၀၀ ကျော်နှင့်အထက်ကြာမြင့်နိုင်ပြီး တောင်သူများထွန်ယက်စိုက်ပျိုးနိုင်သော အပေါ်ယံမြေသား ၆ လက်မ ဖြစ်ပေါ်ရန်အတွက် နှစ်ပေါင်း ၁၀၀၀၀ ကျော် ကြာမြင့်နိုင်ပါသည်။ မြေဆီလွှာတိုက်စားခြင်းကြောင့် ၂၀၅၀ ပြည့်နှစ်တွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းနှင့်အထက် ထိခိုက်နိုင်ကြောင်းနှင့် လက်ရှိ ၅ စက္ကန့်တိုင်းတွင် ဘောလုံးကွင်း တစ်ကွင်းနှင့် ညီမျှသည့် မြေပမာဏကို ဆုံးရှုံးနေကြောင်း သတိပေးထားပါသည်။ ထို့ကြောင့် မြေဆီလွှာကိုထိန်းသိမ်းခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရုံသာမက သက်ရှိဘဝများစွာကို ကယ်တင်ခြင်း ဖြစ်သည်ဟု တင်စားပြောဆိုကြခြင်းဖြစ်ပါသည်။

မြေယာကိုထွန်ယက်စိုက်ပျိုးနေသည့် တောင်သူများနှင့် စိုက်ပျိုးထုတ်လုပ်သူအသင်းအဖွဲ့များအနေဖြင့် "မြေဆီလွှာတိုက်စားခြင်းဆိုတာ ဘာလဲ" ဆိုတာကို သိရှိရန်လိုအပ်လာပါသည်။ သို့မှသာ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် မြေဆီလွှာထိန်းသိမ်းရန် (သို့မဟုတ်) မိမိတို့၏ သဘာဝသယံဇာတအရင်းအမြစ်များအား မည်သို့ မည်ပုံ ထိန်းသိမ်းရမည်ကို သိရှိနိုင်မည်ဖြစ်ပါသည်။ မြေဆီလွှာတိုက်စားခြင်းဆိုသည်မှာ မြေမှုန်များ လေ၊ ရေ (သို့) သက်ရှိများ၊ မိုးရေမိုးပေါက်များ ထိမှန်ခြင်းနှင့် မြေပြုပြင်ထွန်ယက်ခြင်းကြောင့် မြေမှုန်များကွဲထွက်၍ ယင်းအရာဝတ္ထုများ၏သယ် ဆောင်မှုဖြင့် တစ်နေရာမှအခြားစ်တနေရာသို့ ရွှေ့လျားခြင်း ( သို့မဟုတ် ) အနည်ကျခြင်းဖြစ်စဉ် ဖြစ်ပါသည်။ မြေဆီလွှာတိုက်စားခြင်း ပုံစံ ၂ မျိုးရှိပြီး သဘာဝအတိုင်း ဖြစ်ပေါ်လာသည့် မြေဆီလွှာတိုက်စားခြင်းနှင့် လူတို့၏လုပ်ဆောင်ချက်ကြောင့် (မြို့ ပြများချဲ့ ထွင်မှု၊ သစ်တောခုတ်ခြင်းနှင့် ထွန်ယက်စိုက်ပျိုးခြင်း) ကြောင့်ဖြစ်ပေါ်သည့် အရှိန်ပြင်းမြေဆီလွှာတိုက်စားခြင်းတို့ ဖြစ်သည်။

လေကြောင့်မြေတိုက်စားခြင်းတွင် အရွယ်အစားသေးငယ်သည့် နုန်း၊ မြေစေးနှင့် သစ်ဆွေးဓာတ်များ အဝေးသို့ လွင့်ပါတိုက်စားခြင်း Suspension၊ သဲများကိုအနည်းငယ်ဝေးသည့်နေရာသို့ ရောက်အောင် လေဖြင့်ပါသွားခြင်း Saltation နှင့် အရွယ်အစားကြီးမားသည့် အရာဝတ္ထုနှင့် ကျောက်ခဲများ အလျားလိုက် လေဖြင့်ရွေ့လျားခြင်း Creep တို့ဖြစ်ပါသည်။ လေကြောင့် မြေတိုက်စားခြင်း၏ မျက်မြင်လက္ခဏာအဖြစ် အပင်များယိုင်လဲ၍ အမြစ်များပေါ်နေခြင်း၊ သဲကန္တာရဖြစ်ပေါ်ခြင်းနှင့် အပေါ်ယံမြေမျက်နှာပြင်များ ချောမွေ့လာခြင်းဖြစ်ပါသည်။ ရေတိုက်စားခြင်းပုံစံတွင် မိုးရေထိမှန်ပြီး ရေတိုက်စားခြင်းနှင့် စီးဆင်းရေကြောင့်ရေတိုက်စားခြင်းတို့ဖြစ်ပါသည်။ စီးဆင်းရေကြောင့် ရေတို့မှာ အလွှာလိုက်မြေဆီလွှာ တိုက်စားခြင်း၊ ကြောင်းလိုက်မြေဆီလွှာတိုက်စားခြင်း၊ လျှိုတိုက်စားခြင်းနှင့် မြေလုံးမြေခဲဖြစ်ပေါ်ခြင်းတို့ဖြစ်ပြီး အောက်မြေဆီလွှာတိုက်စားခြင်းမှာ ထူးကျင်း/လိုဏ်ခေါင်းပုံ မြေဆီ လွှာ တိုက်စား ဖြစ်ပါသည်။ စိုက်ပျိုးထွန်ယက်ခြင်းကြောင့်ဖြစ်ပေါ်လာသည့် မြေ ဆီ လွှာ တို က် စား မှု တွ င် အလွန်အကျွံ စိုက်ပျိုးထွန်ယက်ခြင်း၊ အကြီးစားလယ်ယာစက်ကိရိယာများအသုံးပြုခြင်းနှင့် လျှောစောက်အတိုင်း ထွန်ယက်စိုက်ပျိုးခြင်းတို့ကြောင့် ဖြစ်ပါသည်။

မြေဆီလွှာတိုက်စားခြင်းကြောင့် မြစ်ချောင်း၊ ဆည်ကန်များတွင်နုံးပို့ခြင်း၊ ရေသွင်းစိုက်ပျိုးသည့်နေရာများတွင် စီးဆင်းရေနှင့်အတူမြေ

**မြင့်မြင့်ထွန်း**
**[ မြေအသုံးချဌာနခွဲ ]**

တိုက်စားခြင်း၊ ရေလွှမ်းခြင်း၊ ကျန်းမာရေးဆိုင်ရာ ပြဿနာများဖြစ်ပေါ်လာစေခြင်း၊ မြေဆီလွှာအရည်အသွေးကျဆင်းလာခြင်း၊ သစ်ဆွေးဓာတ်ပါဝင်မှုနည်းပါးလာပြီး မြေဆီလွှာအရောင်ပြောင်းလဲလာခြင်း၊ မြေဆီလွှာ၏ရုပ်ဂုဏ်သတ္တိများ (မြေသားအနေ အကြမ်း၊ ဓာတုဂုဏ်သတ္တိ လာခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းကို သိသိသာသာလျော့နည်းလာစေပါသည်။ ထို့ကြောင့် တောင်သူများအနေဖြင့် မိမိတို့စိုက်ပျိုးမြေများတွင် မြေဆီလွှာတိုက်စားမှု ရှိ/မရှိ စစ်ဆေးကြည့်ရှုရန် လိုအပ်ပါသည်။ မြေဆီလွှာတိုက်စားခြင်း၏ပထမဆုံး လက္ခဏာမှာ သာမန်မျက်စိဖြင့်မြင်နိုင်သည့် မြေဆီလွှာအရောင်ပြောင်းလဲမှုဖြစ်ပြီး သစ်ဆွေးဓာတ်များရာမှနည်းလာသဖြင့် အရောင်ရင့်ရာမှ ဖျော့လာခြင်း၊ မြေဆီလွှာတွင်နိုက်ထရိုဂျင်ဓာတ်နည်းလာပါက သဘာဝပေါက်ပင်များ၏ အရောင်သည် စိမ်းရာမှအဝါရောင်သို့ ပြောင်းလဲလာခြင်း၊ အပေါ်ယံမြေဆီလွှာတိုက်စားခြင်းကြောင့် အောက်ခံကျောက်သားများ ပေါ်လာခြင်း၊ ကျောက်သားအရွယ်အစားကြီးလာခြင်း၊ ပေါင်းမြက်မျိုးစိတ်အသစ်များလာခြင်းနှင့် ပေါင်းမြက်ပေါက်ရောက်မှုများပြားလာခြင်း၊ထွန်ယက်စိုက်ပျိုးပြီးစ မိုးမိသော စိုက်ခင်းများတွင် အလွှာလိုက်မြေတိုက်စားခြင်းနှင့် ထယ်ကြောင်းအလိုက် မြေတိုက်စားခြင်းတို့အား တွေ့ရှိနိုင်ပါသည်။ ရွှေ့ပြောင်းတောင်ယာနှင့် လျှောစောက်အတိုင်း ထွန်ယက်စိုက်ပျိုးသည့် တောင်စောင်းဒေသများတွင်လည်း မြေဆီလွှာတိုက်စားမှုအား သိသိသာသာတွေ့ရှိနိုင်ပါသည်။ လူ












တိုက်စားခြင်းတွင် အပေါ်ယံမြေတိုက်စားခြင်းနှင့် အောက်မြေဆီလွှာတိုက်စားခြင်းတို့ ဖြစ်ပါသည်။ စိုက်ပျိုးမြေများတွင် တွေ့ရသော အပေါ်ယံမြေဆီလွှာတိုက်စားခြင်း များနှင့် ဇီဝဂုဏ်သတ္တိများပျက်စီးလာခြင်း၊ မြေဆီလွှာအာဟာရဓာတ်များ ချို့တဲ့လာခြင်း၊ မြေချဉ်ခြင်း၊ မြေငန်ခြင်းနှင့် မြေတွင်းရှိသက်ရှိများ/ အဏုဇီဝသက်ရှိများနည်းပါး တို့၏ စနစ်မကျသည့်မြေယာအသုံးပြုမှုကြောင့်ဖြစ်ပေါ်သည့် မြေဆီလွှာတိုက်စားမှုသည် မြေဆီလွှာဖြစ် ပေါ်ခြင်း ဖြစ်စဉ်ထက် အဆ ၁၀၀၀

စာ-၁၅ သို့